မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ရက်၊ ၂၀၀၇ခုနှစ်၊ မေ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၀၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ကတိုက် ရေလှောင်တမံ ဖွင့်ပွဲ

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကတိုက်ရေလှောင်တမံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(လယ်ယာ/ဆည်မြောင်း)

၁၉၈၈ခုနှစ်နောက်ပိုင်း ၁၉၈ ခုမြောက် ကတိုက်ရေလှောင်တမံ ပေါင်မြို့နယ်၌ ဖွင့်လှစ် လယ်မြေဧကတစ်သောင်းကို သီးထပ်စိုက်ပျိုးနိုင်ရေး ရေပေးဝေနိုင်မည်

မွန်ပြည်နယ်တွင် ရေလှောင်တမံ ငါးခု၊ ရေထိန်းတံခါးငါးခု၊ မြစ်ရေတင်လုပ်ငန်းငါးခု တည်ဆောက်ပြီးစီး ဆည်တမံများ တိုးတက်တည်ဆောက်နိုင်မှုကြောင့် တစ်နိုင်ငံလုံး လယ်မြေဧက ၂ ဒသမ ၆ သန်းကျော် အကျိုးပြု

နေပြည်တော် မေ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ကတိုက်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူလယ်သမားများနှင့်ပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

ကတိုက်ရေလှောင်တမံ

မွန်ပြည်နယ် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး၌ တည်ဆောက်ဖွင့်လှစ်ခဲ့သော မြေသားတမံအမြင့် ၁၃၄ ပေ၊ တမံအလျားပေ ၅၂၀၀ ၊ ကန်ရေပြည့်သိုလှောင်ပမာဏ ဧကပေ ၅၆၀၀၀ရှိသည့် ကတိုက်ရေလှောင်တမံကို ဤသို့တွေ့ရသည်။

(သတင်းဆောင်းပါး စာ-၉) ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မေလ ၂ ရက်)

နယ်ချဲ့လက်သစ်တို့၏ သွေးခွဲသပ်လျှိုမှုများ တိုင်းရင်းသားပြည်သူများ လက်တွဲ တွန်းလှန်တိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၇ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာတွင်-

> **"နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် မူဝါဒများမှန်ကန်မှု၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တက်ညီလက်ညီ လက်တွဲဆောင်ရွက်မှု၊ အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများ၏ မိမိတို့သက်ဆိုင်ရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုတိုးတက်အောင် အားထုတ်ကြိုးပမ်းမှုတို့ကြောင့် နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုများလည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလျက်ရှိသည်ကို ထင်ရှား တွေ့မြင်နေရပြီ ဖြစ်ပါသည်"**

ဟု ဖော်ပြပါရှိပေသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့် ဝင်ငွေတိုးပွားလာမှုများ ရရှိခံစားကြရသည့်အပြင် အလုပ်ခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သာယာရေး အပါအဝင် ရပိုင်ခွင့်များ တိုးတက်ရရှိခြင်းစသည့် အကျိုးရလဒ်ကောင်းများကိုလည်း အလုပ်သမားကြီးများ ရရှိခံစားလျက် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဖော်ဆောင်လျက်ရှိရာ ပထမဆုံးနှင့် အရေးကြီးဆုံးအဆင့်ဖြစ်သော အမျိုးသား ညီလာခံကြီးကို ကျင်းပလျက်ရှိသည်။ ယင်းညီလာခံကြီးတွင် အလုပ်သမားထုကြီး၏ ကိုယ်စားလှယ်များသည်လည်း အစုအဖွဲ့တစ်ရပ်အဖြစ် ပါဝင်တက်ရောက် ဆွေးနွေးဆုံးဖြတ်နိုင်သည့်အခွင့်အရေးများရရှိထားပြီး ဖြစ်သည်။

ယင်းသို့သော အချိန်အခါတွင် နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများ နှောင့်နှေးကြန့်ကြာစေရန်၊ နိုင်ငံတော်အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားစေရန် အဖျက်အမှောင့်အုပ်စုများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက် လုပ်ဆောင်နေကြသည်။ ကိုလိုနီနယ်ချဲ့ လက်သစ်တို့ကလည်း ၎င်းတို့၏ ဩဇာခံမသမာသူ အဖျက်အုပ်စုများအား အလုပ်သမားအရေခြုံ၍ အမည်ခံအဖွဲ့အစည်းများ ဖွဲ့စည်းလျက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက် လှုပ်ရှားလျက်ရှိသည်။

၎င်းတို့သည် အလုပ်သမားများအပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲရန် မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များဖြင့် အစီအစဉ်ရှိရှိ ဖန်တီးလုပ်ဆောင်လျက် ရှိကြသည်။

သို့ဖြစ်ရာ နယ်ချဲ့ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးအတွက် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သည့် အစဉ်အလာကောင်းများ၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ အလုပ်သမားများ အနေဖြင့် နယ်ချဲ့လက်သစ်တို့၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုများကို တိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲကာ တွန်းလှန်တိုက်ဖျက်သွားကြမည်သာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း တာမွေ မြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ်(၇၆)နေ ဦးမင်းအောင် - ဒေါ်ကြွေကြွေသိန်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆေးပဒေသာပင်အတွက် အလှူငွေ ကျပ် ၁၀၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကဝ-ပ)

မိုးမကျမီပရဆေးပင်များ အမျိုးအစားစုံလင်စွာ စုဆောင်း မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကာလ တစ်ပြိုင်တည်းစိုက်ပျိုးရေးစီစဉ်

နေပြည်တော် မေ ၁

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီက နေပြည်တော်အမျိုးသားပရဆေးဥယျာဉ် သို့ရောက်ရှိပြီး ပရဆေးဥယျာဉ်အတွင်း ဆောင်ရွက်လျက်ရှိသော ရှင်းလင်းဆောင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ရောဂါကြီး ခြောက်မျိုး စိုက်ကွက်များ၊ နှစ်ရှည်ပရဆေးပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများအား မိုးမကျမီ ပရဆေးပင်များကို အမျိုးအစားစုံလင်စွာ စုဆောင်း ထိန်းသိမ်းထားရှိပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးရေးကာလတွင် တစ်ပြိုင်တည်း စိုက်ပျိုးရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လုပ်ငန်းအလိုက်ဆောင်ရွက်ထားရှိမှုများ ပွင့်ပွင့်လင်းလင်းတင်ပြ တက်ရောက်လာကြသူများက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး
စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၉ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်များ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများ၊ ပစ္စည်းပေးသွင်းသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ Transformer ထုတ်လုပ်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ချမှတ်ပေးထားသော အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်း ပမာဏမှာ များပြားကြောင်း၊ အချိန်မီပြီးစီးရန်လိုအပ်ကြောင်း၊ ထို့ကြောင့်ယခုအစည်းအဝေးကို ကျင်းပရခြင်း ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းပမာဏအရမြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းတစ်ခုတည်း အနေဖြင့် အချိန်မီပြီးစီးရန် အခက်အခဲရှိကြောင်း၊ တက်ရောက်လာကြသည့်စီမံကိန်းညွှန်ကြားရေးမှူးများက မိမိတို့၏ လုပ်ငန်းအလိုက် ဆောင်ရွက်ထားရှိမှုများကို ပွင့်ပွင့်လင်းလင်း တင်ပြစေလိုကြောင်း၊ တင်ပြချက်များအပေါ် တက်ရောက်လာကြသူများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ သိန်းထွန်းနှင့် မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန်းဦးတို့က ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ရမည့် စီမံကိန်းများကို ရှင်းလင်းတင်ပြကြပြီး စီမံကိန်း ညွှန်ကြားရေးမှူးများက ယင်းတို့ ဆောင်ရွက်လျက်ရှိသော မဟာဓာတ်အားလိုင်း တည်ဆောက်ရေး လုပ်ငန်းများ၊ ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းများ စသည်တို့၏ တိုးတက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်သွား

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်
- ၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၁၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး (ဒုတိယတွဲ)** (အပိုင်း-၃၉)

ဒုတိယအကြိမ်သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲနှင့် သုတစွယ်စုံ (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားကျင်းပ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်ချီးမြှင့်

တစ်သက်တာ စာပေဆုချီးမြှင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သုတစွယ်စုံ တစ်သက်တာစာပေဆုရရှိသော ဦးလှကြိုင်(ပါရဂူ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ် သုတစွယ်စုံ စာပေဆုချီးမြှင့်ပွဲနှင့် သုတစွယ်စုံ (၂၅)နှစ်ပြည့် ငွေရတုအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများကို ချီးမြှင့်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ စာပေပညာရှင်ကြီးများ၊ သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ဝင်များ၊ ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် စာပေပညာရှင်ကြီးများကို ကျန်းကျန်းမာမာ စုံစုံလင်လင် တွေ့ဆုံခွင့်ရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်လျက်ရှိကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သုံးစွဲ၍ကုန်ခန်းနိုင်သောသဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုထက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးသော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြကြောင်း၊ မိမိတို့နိုင်ငံသည်လည်း လူငယ်လူရွယ်များအား ပညာရည်မြင့်မားရေး၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ စာပေလောကသားများသည် နိုင်ငံအတွက် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို ရင်ဆိုင်ကျော်လွှားပြီး လက်ရှိဆောင်ရွက်နေသော အရှိန်အဟုန်ထက် ပိုမိုမြှင့်တင်၍ နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်သည်ဟု တိုက်တွန်းမှာကြားလိုကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုသည် ပြည်သူများ၏ စာဖတ်မှုအရှိန်အဟုန်ပေါ်တွင် မူတည်ကြောင်း၊ ပြည်သူများ၏ စာဖတ်မှုအလေ့အထနှင့် စာဖတ်အလေ့အကျင့်သည်လည်း အပျော်ဖတ်မှသည် နည်းပညာဗဟုသုတ စာပေများ လေ့လာဖတ်ရှုမှု ပိုမိုများပြားလာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စာဖတ်မှုအလေ့အထ ကျယ်ပြန့်လာအောင် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထိန်းသိမ်းကာကွယ်

၂၀၀၆ခုနှစ်အတွင်း မိမိတို့နိုင်ငံတွင် စာအုပ်စာပေအမျိုးအစားပေါင်း ၁၁၄၄၃ မျိုး၊ စောင်ရေပေါင်း သန်း ၃၀ ကျော်ခန့်ထွက်ရှိခဲ့သည်ကို မှတ်တမ်းများအရ သိရကြောင်း၊ ထို့ကြောင့် ပြည်သူလူထု စာဖတ်သည့်အလေ့အထ ပိုမိုဖြစ်ထွန်းလာအောင် ဆောင်ရွက်ရန်မှာ အထူးအရေးကြီးသည်ဟု သုံးသပ်ယူဆရပါကြောင်း၊ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆုများကို နှစ်စဉ် ချီးမြှင့်ပေးလျက်ရှိပြီး ဆုအမျိုးအစား

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း) သုတစွယ်စုံ(ရည်ညွှန်းစာပေ) စာပေဆုရ ရာပြည့်ဦးစိုးညွှန့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်း တိုးမြှင့်ပေးခဲ့ကြောင်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကိုလည်း အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်ပြီး ရေးသားနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိအောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ပုံနှိပ်လုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်းပြီးလည်း စာပေလောကဖွံ့ဖြိုးတိုးတက်ရေးကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့နိုင်ငံတော်က ဆောင်ရွက်ပေးသကဲ့သို့ စေတနာရှင်၊ စာပေပညာရှင်များကလည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စာကောင်းပေမွန်များပေါ်ထွန်းလာရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်မှုများပင်ဖြစ်ကြောင်း၊ ယခုသုတစွယ်စုံစာပေဆုချီးမြှင့်ပွဲသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ အလားတူ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ပခုက္ကူဦးအုံးဖေစာပေဆုတို့သည်လည်း စာပေလောကဖွံ့ဖြိုးတိုးတက်မှုအတွက် အားဖြည့်ပေးခြင်းများ ဖြစ်ကြောင်း၊ အလားတူ စာပေဆုများ ပေါ်ထွက်လာရန်နှင့် ယခုကဲ့သို့ နှစ်စဉ် စာပေဆုများ ချီးမြှင့်နိုင်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း တတ်နိုင်သ၍ အားပေးကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း။

တစ်ဖက်ကလည်း မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတို့ကို မီဒီယာနည်းဖြင့် ထိုးဖောက်ဖျက်ဆီးနေသည်ကို တွေ့မြင်သိရှိရကြောင်း၊ အမျိုးသားရေးကိုယ်ခံစွမ်းအား ယိုင်နဲ့ပျက်ပြားသွားအောင် မိမိတို့စာပေလောကထဲသို့ ထိုးဖောက်ဝင်ရောက်လာနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာ နိုင်ငံအသီးသီးတွင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်နေသော်လည်း အချို့နိုင်ငံများ၌ အတ္တအကျိုးစီးပွားနှင့် လူမှုရေးဆိုင်ရာ ထိန်းကျောင်းနိုင်မှု မရှိကြသဖြင့် ပြည့်စုံကောင်းမွန်သော လူ့ဘောင်ကို တည်ဆောက်နိုင်ခြင်း မရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ လူမှုရေးဆိုင်ရာ ဦးတည်ချက်များ အတိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရင်း ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို ရိုက်ချိုးမခံရအောင် သတိထား ထိန်းသိမ်းကာကွယ်သွားကြရန်လိုအပ်ကြောင်း။

စာပေပညာရှင်ကြီးများအနေဖြင့် အမျိုးသားရေး အကျိုးစီးပွား ဘက်မှ တွေးခေါ်ပြီး စာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူကို အကျိုးပြုနိုင်အောင် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးက အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆုရွေးချယ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သုတစွယ်စုံတစ်သက်တာ စာပေဆုရ ဦးလှကြိုင်(ပါရဂူ)၊ သုတစွယ်စုံ (သိပ္ပံ) စာပေဆုရ **"ဆန်းသစ်လာသော နာနိုနည်းပညာ"** စာအုပ်ကို ရေးသားသူ ဦးကျော်ညွှန့်၊ သုတစွယ်စုံ(အသုံးချသိပ္ပံ) စာပေဆုရ **"ဆီးချိုလူနာ လမ်းညွှန်"** စာအုပ်ကိုရေးသားသူ ဒေါက်တာ မြင့်မြင့်ခင်နှင့် သုတစွယ်စုံ(စာပဒေသာ)စာပေဆုရ **"လွမ်းဖွယ်တွေပေါပါတဲ့ တို့ယောမြေ"** စာအုပ်ကိုရေးသားသူ ဒေါက်တာ သက်လွင်တို့အား ဆုများကိုချီးမြှင့်သည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က သုတစွယ်စုံ(ဝိဇ္ဇာ) စာပေဆုရ **"သတင်းစာပညာသဘောတရားနှင့် လက်တွေ့"** စာအုပ်ကို ရေးသားသူ မောင်ဝံသ၊ သုတစွယ်စုံ (ဘာသာပြန်) စာပေဆုရ **"ဒုတိယကမ္ဘာစစ်ဇာတ်ဆောင်၁၀၀"**စာအုပ်ကို ရေးသားသူအောင်သန်းထွန်း(မုံရွာ)နှင့် သုတစွယ်စုံ(ရည်ညွှန်းစာပေ)စာပေ ဆုရ **"၂၀ရာစု မြန်မာစာရေးဆရာ ၁၀၀"** စာအုပ်ကိုရေးသားသူ ရာပြည့် ဦးစိုးညွှန့်တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးနှင့်ဇနီး ဒေါက်တာခင်မိုးမိုးတို့က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့သို့သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက်အလှူငွေကျပ် သုံးသိန်းကို ပေးအပ် လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က လက်ခံသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် သုတစွယ်စုံစာအုပ်တိုက်မှ ဒေါက်တာတင်ထွန်းဦးက သုတစွယ်စုံစာပေဆုရွေးချယ်ရေးအဖွဲ့သို့ မေတ္တာလက်ဆောင်များကို ပေးအပ်ရာ စာပေဆုရွေးချယ်ရေးအဖွဲ့ကိုယ်စားအဖွဲ့ဝင် ဦးသော်ကောင်းက လက်ခံသည်။

ထို့နောက် ဆုရရှိကြသူများ ကိုယ်စား ဦးလှကြိုင် (ပါရဂူ)နှင့် ဒေါက်တာသက်လွင်တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယအကြိမ် သုတစွယ်စုံစာပေဆုရရှိကြသော စာပေပညာရှင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

(သတင်းစဉ်)

ဥက္ကလာဦးဓမ္မဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ဥက္ကလာဦး ဓမ္မဆုတောင်းပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် လုံးတော်ပြည့်ကြေးပြားရွှေသင်္ကန်းတော်ကပ်လှူပြီးစီးမှု ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၉ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ အမှူးပြုသော သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဖွင့်လှစ်

ယင်းနောက်ကြေးပြားရွှေသင်္ကန်းတော် ကပ်လှူပြီးစီးမှု ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို မင်္ဂလာမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ဆက်လက်၍စေတီတော်အတွက် အလှူတော်ငွေများကိုပေးအပ်လှူဒါန်းကြရာ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာ မိသားစုတို့က အလှူတော်ငွေကျပ် ၁၀ သိန်းနှင့် အရှေ့တောင်အာရှ သေနတ်ပစ်ချန်ပီယံ ဗိုလ်မှူးကျော်ရှိန်(ငြိမ်း) ဇနီးဒေါ်ခင်ခင် မိသားစုတို့က အလှူတော်ငွေကျပ် ၃၇၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် ဇမ္ဗူမဏ္ဍိုင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသထံမှ ပရိသတ်တို့က ရေစက်ချတရားနှင့် အနုမောဒနာတရား နာယူကြပြီးလှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂-၅-၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၈။ အဆိုပြိုင်ပွဲ
၈:၂၅ ၉။ ဟင်းရွက်ရေလှောင်တမံ
၈:၃၀ ၁၀။ International News
၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ သီချင်းကြီးပဒေသာ
၁၇:၂၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၅ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၀ ၁၂။ Discovery
၁၉:၁၅ ၁၃။ **နောက်မကျရအောင်** (မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ-ကြည်စိုး)
၁၉:၃၀ ၁၄။ **ပူဇော်ကန်တော့ဆင်ယင် သက်ကြီးသဘင်** (ပထမအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ)
၁၉:၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ လက်ဆင့်ကမ်းဝေ အနုပညာအမွေ

အက်စစ်လို မိုးများ...

ဤကမ္ဘာလောကတွင် သိပ္ပံပညာနှင့် စက်မှုနည်းပညာ ထွန်းကားလာခြင်း၊ ရေမြေသဘာဝ ပြောင်းလဲခြင်း စတဲ့အကြောင်းတရားတွေဟာ သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေတဲ့ အဓိကအကြောင်းရင်းတွေပဲ ဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် အကြောင်းတွေကို စဉ်းစားတွေးတောမိရာမှ ၂၄-၄-၂၀၀၇ရက်က ဂြိုဟ်တုသတင်းကို ကြည့်မိရာ ရာသီဥတုပြောင်းလဲခြင်းနှင့် သက်ဆိုင်တဲ့ စီစီတီဗွီသတင်းတစ်ပုဒ်ကို တွေ့လိုက်ရပါတယ်။ ဒီသတင်းမှာ-

'အစိုးရများရဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့ရဲ့ အခုလ အစောပိုင်းက ထုတ်ပြန်ခဲ့တဲ့ ရာသီဥတုဆိုင်ရာ အစီရင်ခံစာအရ အာရှဒေသတွင် ဖြစ်ပေါ်လာနိုင်တဲ့ ပြဿနာများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြကြောင်း သိရပါတယ်။ အပူချိန် မြင့်မားလာမှု၊ ပင်လယ်ရေ မြင့်တက်လာမှုတို့ကြောင့် ကျွန်းနိုင်ငံများကို ခြိမ်းခြောက်လာကြောင်း၊သဘာဝဘေးဒဏ်ကြောင့် အဓိက ကောက်ပဲသီးနှံများ လျော့ပါးလာပြီး တရုတ်နှင့်အိန္ဒိယတို့တွင် လူသန်းပေါင်းများစွာတို့ ငတ်မွတ်ခေါင်းပါးမှု ဖြစ်ပွားလာနိုင်ကြောင်း သိရပါတယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ်များအတွင်း အပူချိန် မြင့်တက်လာမှုဟာ လူများရဲ့ လုပ်ဆောင်ချက်များကြောင့် ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါတယ်။ ရာသီဥတု ပြောင်းလဲမှုရဲ့ အကျိုးဆက်များကို သိပ်မဝေးတော့တဲ့ ကာလအတွင်း ရင်ဆိုင်ရ တော့မှာဖြစ်ကြောင်း၊ အဲဒီလို ရင်ဆိုင်ရာတွင် လူသားများသာမက တိရစ္ဆာန်များနှင့် အပင်များပါ ရင်ဆိုင်ရမှာ ဖြစ်ကြောင်း သိရပါတယ်။ ရာသီဥတု ပြောင်းလဲမှုကြောင့် သဘာဝဘေးဒုက္ခများ ပိုမိုကျရောက်လာနိုင်ရာ ကမ္ဘာကြီးပူနွေးလာမှုကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်မှုများ ပိုမိုလုပ်ဆောင်ရန်နှင့် အဖြေရှာဖွေခြင်းတို့ကို ယခုအခါ ပြုလုပ်လျက်ရှိကြောင်း'

သတင်းမှာ ဖော်ပြထားပါတယ်။ ဒီသတင်းမှာ ဖော်ပြထားတဲ့အတိုင်း မဝေးတော့တဲ့ ကာလမှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုကြောင့် ရင်ဆိုင်ကြုံတွေ့နိုင်တဲ့ အက်စစ်မိုးအကြောင်းကို ရှာဖွေတင်ပြလိုပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ အကြောင်းရင်းတွေထဲမှာ လေထုညစ်ညမ်းမှုလည်း ပါဝင်ပါတယ်။ လေထုဟာ လူသားများ မှီတင်းနေထိုင်တဲ့ ကမ္ဘာမြေပြင်ရဲ့အထက် ကီလိုမီတာ ၁၀၀၀တိုင်အောင် ဖုံးလွှမ်းလျက်ရှိပါတယ်။ ကမ္ဘာမြေပြင်ရဲ့အထက် ကီလိုမီတာ ၃၀အတွင်းမှာ သက်ရှိသတ္တဝါတွေနဲ့ သစ်ပင်တွေ အသက်ရှင်နိုင်တဲ့ အောက်စီဂျင်ဓာတ်ငွေ့ ၂၁ရာခိုင်နှုန်း၊ နိုက်ထရိုဂျင်ဓာတ်ငွေ့ ၇၈ရာခိုင်နှုန်း၊ အာဂွန်ဓာတ်ငွေ့ ၀ ဒသမ ၉ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ၀ ဒသမ ၀၃ရာခိုင်နှုန်းနှင့် အခြားဓာတ်ငွေ့တွေ ၀ ဒသမ ၀၇ရာခိုင်နှုန်း ပါဝင်လျက် ရှိပါတယ်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာတာကြောင့် လေထုထဲမှာ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့၊ နိုက်ထရိုဂျင်အောက်ဆိုဒ်ဓာတ်ငွေ့၊ မြူမှုန်နဲ့ဒြပ်မှုန်တွေ ပါဝင်မှုအရေအတွက်ဟာ တစ်နေ့တခြား မြင့်တက်လျက်ရှိပါတယ်။ ဒီလို လေထုညစ်ညမ်းမှုတွေ ဆက်လက်တိုးပွားလာမယ်ဆိုရင် ကမ္ဘာပေါ်မှာ မှီတင်းနေထိုင်လျက်ရှိတဲ့ လူသားတွေ၊ ကုန်းနေ ရေနေသတ္တဝါတွေ၊ သစ်ပင်တွေနဲ့ သဘာဝပတ်ဝန်းကျင်တွေ ထိခိုက်ပျက်စီးစေနိုင်ကြောင်း ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ သိပ္ပံပညာရှင်တွေက တစ်ခဲနက် ထောက်ပြ သတိပေးလျက်ရှိပါတယ်။

ကမ္ဘာမြေကို လွှမ်းခြုံထားတဲ့ ဖော်ပြပါ ဓာတ်ငွေ့တွေဟာ သာမန်မျက်စိနဲ့ မြင်နိုင်စွမ်းမရှိပါဘူး။ ဒီဓာတ်ငွေ့တွေ လေထုထဲကိုရောက်ရှိလာခြင်းရဲ့ အဓိကအကြောင်းရင်းဟာ သဘာဝအလျောက်ဖြစ်ပေါ်လာခြင်းနဲ့ လူသားတို့ရဲ့ လုပ်ဆောင်ခြင်းကြောင့် ဖြစ်ပေါ်လာခြင်းဆိုပြီး နှစ်မျိုးခွဲခြား သိနိုင်ပါတယ်။ သဘာဝအလျောက် ဖြစ်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုတွေဟာ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်းတွေကြောင့် ချော်မှုန်၊ ပြာမှုန်တွေ လေထုထဲကို ရောက်ရှိလာလို့ ဖြစ်ပါတယ်။

လူသားတွေရဲ့လုပ်ဆောင်မှုကြောင့် လေထုညစ်ညမ်းမှု ဖြစ်ရခြင်းအကြောင်းအချက်ကတော့ ရုပ်ကြွင်းလောင်စာတွေဖြစ်တဲ့ ကျောက်မီးသွေး၊ ရေနံနဲ့ ထင်းမီးသွေး အသုံးပြုခြင်းတွေအပြင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးအတွက် သစ်တောတွေကို ခုတ်ထွင်ရှင်းလင်းပြီး မီးရှို့ရာက ထွက်ပေါ်လာတဲ့ ဓာတ်ငွေ့တွေနဲ့ပြာတွေ၊ ကျောက်မီးသွေးမှုန်တွေ၊ ကျပ်ခိုးတွေဟာ လေထဲမှာ မျောပါပျံ့လွင့်ရာက ဖြစ်လာတာပါ။

ကျောက်မီးသွေးနဲ့ လောင်စာတွေဖြစ်တဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတွေကို လျှပ်စစ်ဓာတ်အားပေးစက်တွေ၊ စက်မှုကုန်ထုတ် စက်ရုံတွေ၊ ပို့ဆောင်ရေးယာဉ်တွေမှာ အသုံးပြုရာက ထွက်ပေါ်လာတဲ့ ဓာတ်ငွေ့တွေအပြင် မီးခိုး၊ ကျပ်ခိုးနဲ့ ဒြပ်မှုန်တွေကလည်း လေထုညစ်ညမ်းမှုကို ဖြစ်စေပြီး အက်စစ် ဖြစ်ထွန်းမှုတွေကို ပိုမိုဖြစ်ပေါ်စေပါတယ်။

ဖော်ပြပါ စက်တွေ၊ စက်ရုံတွေက ထွက်တဲ့ဓာတ်ငွေ့နဲ့ အခြားဒြပ်မှုန်တွေဟာ လေထုထဲမှာ လွင့်မျောလျက်ရှိတဲ့ တိမ်တွေနဲ့ ပူးပေါင်းမိတဲ့အခါ တိမ်တိုက်တွေ အတွင်းမှာရှိတဲ့ ရေစက်၊ ရေပေါက်တွေနဲ့ ဓာတ်ပြုပြီး ဆာလဖြူရစ်အက်စစ်နဲ့ နိုက်ထရစ်အက်စစ်တွေအဖြစ် ဓာတ်ပြောင်းသွားကြပါတယ်။ အဲဒီလို အက်စစ်ဓာတ်ပါဝင်တဲ့ မိုးရေ၊ နှင်းပွင့်၊ မြူထုနဲ့မြူတွေဟာ ကမ္ဘာမြေပေါ်ကို အက်စစ်မိုးအဖြစ် ပြန်လည် ရွာကျလာပါတယ်။

နောက်တစ်နည်းကတော့ ရာသီဥတုသာယာတဲ့ အချိန်အခါတွေနဲ့ တိမ်ထူတဲ့နေ့တွေမှာ လေထုထဲမှာ ရောနှောပါဝင်နေတဲ့ အက်စစ်ဖြစ်ထွန်းစေနိုင်တဲ့ ဓာတ်ငွေ့တွေနဲ့ လွင့်မျောနေတဲ့ မြူမှုန်၊ ဒြပ်မှုန်တွေဟာ မြေပြင်၊ အဆောက်အအုံနဲ့ သစ်ပင်တွေပေါ်သို့ တိုက်ရိုက်ကျရောက်လာပြီး လူတွေရဲ့ ကိုယ်ခန္ဓာအတွင်းကို အသက်ရှူလမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်သွားကြပါတယ်။

အက်စစ်ပါဝင်မှု နှုန်းထားကို **pH** နဲ့ တိုင်းတာပါတယ်။ **pH** ဆိုတာ ဟိုက်ဒရိုဂျင်အိုင်ယွန်း ပါဝင်မှုနှုန်း ဖြစ်ပါတယ်။ အက်စစ်ရဲ့ပြင်းအားကို လူအများသိသာဖို့အတွက် နှိုင်းယှဉ်ပြရမယ်ဆိုရင် ကားဘက်ထရီမှာ သုံးတဲ့ အက်စစ်ဆိုရင် အသားအရေ အဝတ်အစားတွေကိုတောင် ပေါက်ပြဲစေနိုင်တဲ့ ပြင်းအားရှိပါတယ်။ အဲ့ဒါ **pH**(၁)အဆင့်ရှိပါတယ်။ လူအများ စားသောက်နေတဲ့ အစားအစာတွေထဲမှာလဲ အက်စစ်ပါဝင်မှု ရှိပါတယ်။ ဒါပေမယ့် လူ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ အစာအိမ်ဟာ အက်စစ်ဓာတ်ကို အကန့်အသတ် အတိုင်းအတာနဲ့ လက်ခံနိုင်စွမ်းရှိတာမို့ ဘေးမဖြစ် စေပါဘူး။ လူတို့သောက်သုံးနေတဲ့ သောက်ရေသန့်ဆိုရင် **pH**(၇)အဆင့် ရှိတာမို့ သန့်ရှင်းပြီး သောက်သုံးရန်သင့်တဲ့ ရေဖြစ်ပါတယ်။

ကျော်စွာငယ်

လူတွေကြောင့်နဲ့ သဘာဝကြောင့် ဖြစ်ပေါ်လာတဲ့ ဆာလဖြူရစ်အက်စစ်နဲ့ နိုက်ထရစ်အက်စစ် ဓာတ်တွေများလာမယ်ဆိုရင်တော့ pHအဆင့်တွေကျလာပြီး ဘေးဖြစ်စေတဲ့ အက်စစ်ဓာတ်တွေ ဖြစ်လာမှာပါ။ pH အဆင့်(၅)အောက်ကျလာရင်တော့ အန္တရာယ်ရှိလာပါပြီ။ အဲဒီအခါမှာ အက်စစ်ဖြစ်ထွန်းမှုကြောင့် သက်ရှိသတ္တဝါတွေနဲ့ သက်မဲ့ရုပ်ဝတ္ထုတွေကို ထိခိုက်ပျက်စီး ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။

မြစ်ချောင်း၊အင်း၊ အိုင်တွေမှာ အက်စစ်ဓာတ်တွေ များလာမယ်ဆိုရင် မှီတင်းရှင်သန်နေတဲ့ ရေနေသတ္တဝါ ငါးတွေဟာ သားဥ၊ သားဖောက်ခြင်းကို မဆောင်ရွက်နိုင်တော့ပါဘူး။ ငါးတွေရဲ့အစားအစာတွေ ဖြစ်တဲ့ ပိုးမွှားကောင်တွေ သေကျေပျက်စီးကြလို့ အစာအာဟာရ ရှားပါးမှုနဲ့လဲ ကြုံတွေ့နိုင်ပါတယ်။ မြေဆီလွှာတိုက်စားမှုက ပါလာတဲ့ သတ္တုတွေကြောင့် ငါးတွေရဲ့ ပါးဟက်တွေ ပျက်စီးကာ အသက်ရှူဖို့ ခက်ခဲပြီး သေဆုံးနိုင်ပါတယ်။

သစ်ပင် သစ်တောတွေလဲ လေထဲမှာ မျောပါလာတဲ့ အက်စစ်ဖြစ်ထွန်းစေတဲ့ မြူမှုန်၊ ဒြပ်မှုန်တွေ ကျရောက်လို့ တဖြည်းဖြည်း ခြောက်သွေ့သေဆုံးနိုင်ပါတယ်။ မြေဆီလွှာမှာရှိတဲ့ မြေသြဇာတွေကို အက်စစ်တွေက ချေဖျက်လို့ သစ်ပင်တွေ အာဟာရခေါင်းပါးမှုတွေ ကြုံတွေ့နိုင်ပါတယ်။ ဒီအခါ သစ်ပင်မှ သစ်ရွက်တွေ တဖြည်းဖြည်း ကျဲပါးလာပါမယ်။ ဒီနောက် သစ်ပင်ရဲ့ပင်စည်တွေမှာ ကပ်ပါးမှိုတွေ ကျရောက်လို့ သစ်တောသစ်ပင်တွေ ပျက်စီးဆုံးရှုံးမှု ဖြစ်စေနိုင်ပါတယ်။

ရေညှိပင်တွေဟာ အက်စစ်ဒဏ်ကို ခံနိုင်မှုနည်းပါးတဲ့ အပင်တွေ ဖြစ်ပါတယ်။ အကယ်၍ အက်စစ်ဖြစ်ထွန်းမှု မရှိတဲ့နေရာမှာ အပင်တွေ ကြီးထွားရှင်သန် ပေါက်ရောက်နေပေမယ့်လဲ လေထုညစ်ညမ်းလို့ အက်စစ်ဖြစ်ထွန်းမှုရှိပါက ရေညှိပင်တွေ သေဆုံးနေတာကို ကြည့်ခြင်းအားဖြင့် ဒီဒေသမှာ အက်စစ်ဖြစ်ထွန်းမှုရှိတဲ့ အခြေအနေကို သိသာနိုင်ပါတယ်။

အက်စစ်ဖြစ်ထွန်းမှုကြောင့် လူသားတွေ ပြုလုပ်ဖန်တီးထားတဲ့ ပစ္စည်းတွေကိုလဲ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေနိုင်ပါတယ်။ အက်စစ်ပါဝင်တဲ့ မိုးရေထဲမှာ လမ်းလျှောက်ခြင်း၊ ရေချိုးခြင်း၊ အက်စစ်ဓာတ် အပျော့စား ဖြစ်ပေါ်နေတဲ့ ရေကန်၊ အင်း၊ အိုင်တွေမှာ ရေကူးခြင်း၊ ရေချိုးခြင်း ပြုလုပ်နေပေမယ့်လဲ လူသားတွေကို ထိခိုက်မှုမရှိနိုင်ပါ။ ဒါပေမယ့် သံထည်ပစ္စည်းတွေ သံချေးတက်ခြင်း၊ ကြေးထည်ပစ္စည်းတွေ ကြေးညှိတက်ခြင်း၊ ကွန်ကရစ် အဆောက်အအုံတွေ ပျက်စီးခြင်း၊ မာဘယ်ကျောက်တွေ အရောင်ပြောင်းခြင်း စတာတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

သက်ရှိလူသားတွေဟာ အက်စစ်ဖြစ်ထွန်းမှုရဲ့ ဆိုးကျိုးတွေကို တဖြည်းဖြည်း ခံစားလာကြရပါတယ်။ လေထုညစ်ညမ်းမှုကြောင့် လူသားတွေဟာ အသက်ရှူ လမ်းကြောင်းဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်တဲ့ ပန်းနာရင်ကျပ်ဝေဒနာ၊ အဆုတ်ရောဂါနဲ့ ခဲဆိပ်သင့် ဝေဒနာတွေကို ခံစားကြရပါတယ်။

ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံကြီးတွေက စက်ရုံ၊ အလုပ်ရုံတွေက တစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်နဲ့ နိုက်ထရိုဂျင်အောက်ဆိုဒ်ဓာတ်တွေ နေ့စဉ် အမြောက်အမြား ထုတ်လွှင့်လျက်ရှိပါတယ်။ ဒီထုတ်လွှင့်ပစ္စည်းတွေဟာ ကမ္ဘာ့လေထုအတွင်းကို ရောက်ရှိလာပြီး ရာသီအလိုက် တိုက်ခတ်တဲ့ လေစီးကြောင်းတွေမှာ လွင့်မျောသွားပါတယ်။ ဒီညစ်ညမ်းဓာတ်ငွေ့နဲ့ ဒြပ်မှုန်တွေဟာ မြို့၊ ရွာ၊ တိုင်းပြည်တွေကို ကျော်လွန်ရုံမျှမက ကမ္ဘာ့တိုက်ကြီးတစ်ခုမှ အခြားတိုက်ကြီးတစ်ခုသို့ နယ်ခြားစည်းတွေကိုကျော်ပြီး ရောက်ရှိသွားပါတယ်။ ဒီညစ်ညမ်းလေထုကြောင့် အလှမ်းကွာဝေးတဲ့ နိုင်ငံတွေမှာပင် အက်စစ်မိုးရွာသွန်းတဲ့ သာဓကများ ရှိနေပါတယ်။

စကင်ဒီနေးဗီးယန်း တိုင်းပြည်တွေမှာရှိတဲ့ မြစ်တွေ၊ အင်း၊ အိုင်တွေမှာ ငါးနဲ့ ရေနေသတ္တဝါတွေ သေကျေပျက်စီးနေတာတွေကို သိသာထင်ရှားစွာ တွေ့နေရတဲ့အပြင် အနောက်ဥရောပနဲ့ တရုတ်နိုင်ငံမှာလည်း အက်စစ်ဖြစ်ထွန်းမှုကြောင့် သစ်တောတွေ ပျက်စီးနေတာကို တွေ့မြင်နေရပါတယ်။ အလားတူ အာရှနိုင်ငံတွေမှာလဲ တောမီးလောင်ကျွမ်းမှုနဲ့ မီးတောင်ပေါက်ကွဲမှုတွေကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ နယ်ခြားကို ဖြတ်ကျော်ပြီး ဖြစ်ပွားရာဒေသနဲ့ ဆက်စပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ လေထုညစ်ညမ်းမှုတွေ ဖြစ်ပေါ်လာလို့ အသက်ရှူရန် ခက်ခဲတဲ့ ဖြစ်ရပ်တွေနဲ့ ကြုံတွေ့နေရတာကိုလဲ ကြားသိနေရပါတယ်။

အခုအခါ မိမိတိုင်းပြည်မှ လွှတ်ထုတ်မှုမရှိဘဲ အခြားဒေသမှ ရောက်ရှိလာတဲ့ ဓာတ်ငွေ့တွေကြောင့် အက်စစ်မိုးရဲ့ ဆိုးကျိုးဒဏ် ခံစားနေရတဲ့ တိုင်းပြည်တွေဟာ မိမိတိုင်းပြည်မှာ ဘယ်အဆင့်အထိ ဆိုးကျိုးတွေ ခံစားနေရတာကို သိရှိနိုင်ဖို့ လေနဲ့ရေမှာ ညစ်ညမ်းမှု တိုင်းတာခြင်း၊ လေ့လာစောင့်ကြည့်ခြင်းတွေကို ဆောင်ရွက်နေကြပါပြီ။

မြန်မာနိုင်ငံအနေနဲ့လဲ အက်စစ်ဖြစ်ထွန်းမှုကို နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့အညီ လေ့လာစောင့်ကြည့်လျက်ရှိတဲ့အပြင် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု လေ့လာစောင့်ကြည့်ရေး ကွန်ရက်ရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လို့ မြန်မာနိုင်ငံအနေနဲ့ အက်စစ်ဖြစ်ထွန်းမှု အခြေအနေတွေကို စောင့်ကြည့်လေ့လာ သုတေသနပြုလုပ်လျက် ရှိပါတယ်။

မြန်မာနိုင်ငံမှာ စခန်းအသီးသီးက တိုင်းတာရရှိတဲ့ မိုးရေရဲ့ပျမ်းမျှ pH တန်ဖိုးတွေကို လေ့လာရာမှာ မြစ်ကြီးနား၊ ကျိုင်းတုံ၊ တောင်ကြီး၊ ဘားအံ၊ ပဲခူးနဲ့ မော်လမြိုင်မြို့တွေရဲ့ pH တန်ဖိုးတွေဟာ ၅ ဒသမ ၆ နဲ့ အောက်ကို ရောက်နေလို့ အက်စစ်ဖြစ်ထွန်းမှု အခြေအနေတွေကို ဆက်လက်လေ့လာ ဆန်းစစ်မှုတွေ ပြုလုပ်လျက် ရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့ လူသားအားလုံးမှာ တာဝန်ရှိပါတယ်။ အက်စစ်ဖြစ်ထွန်းခြင်းရဲ့ အဓိကအကြောင်းအချက်ဟာ ဇီဝရုပ်ကြွင်း လောင်စာတွေကို အများအပြား ထုတ်ယူသုံးစွဲခြင်းကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် **မိမိတို့ပြည်သူပြည်သား အားလုံးအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အမျိုးသားရေးလုပ်ငန်းအဖြစ် မှတ်ယူပြီး လျှပ်စစ်ဓာတ်အား ချွေတာခြင်း၊ လောင်စာဆီသုံးစွဲမှုလျှော့ချခြင်း၊ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန်လည်စုပ်ယူနိုင်တဲ့ သစ်ပင်တွေစိုက်ပျိုးခြင်း၊ သစ်တောပြုစုပျိုးထောင်ခြင်းတွေကို ပြုလုပ်ခြင်းဖြင့် ဤကမ္ဘာမြေကို စိမ်းလန်းစေကာ သန့်ရှင်းသော လေအားရှူရှိုက်နိုင်ပြီး အက်စစ်လိုမိုးများ မရွာသွန်းအောင် ဝိုင်းဝန်းဆောင်ရွက်နိုင်ကြဖို့ လိုပါတယ်။**

အက်စစ်လိုမိုးများ မရွာသွန်းစေရန်အတွက်-

(၁) လျှပ်စစ်ဓာတ်အားကိုချွေတာပါ၊
(၂) လျှပ်စစ်မီးကို မလိုအပ်လျှင် မဖွင့်ပါနှင့်၊
(၃) မလိုအပ်လျှင် လေအေးပေးစက်များကို ဖွင့်မထားပါနှင့်၊
(၄) မလိုအပ်ဘဲ ရေခဲသေတ္တာတံခါးကို ဖွင့်မထားပါနှင့်၊
(၅) တီဗွီကိုကြည့်သူမရှိလျှင် ဖွင့်မထားပါနှင့်၊
(၆) အများသုံးယာဉ်ကို အသုံးပြုပါ၊
(၇) ခရီးနီးလျှင် လမ်းလျှောက်ပါ၊ စက်ဘီးကိုအသုံးပြုပါ၊
(၈) သဘာဝမှရရှိသော နေစွမ်းအင်၊ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်များ ထုတ်ယူအသုံးပြုပါ၊
(၉) ထင်း၊ မီးသွေး၊ လောင်စာအသုံးပြုမှုကို လျှော့ချပါ၊
(၁၀) အမှိုက်သရိုက်များကို မီးရှို့ခြင်းမပြုဘဲ စနစ်တကျစွန့်ပစ်ပါ၊
(၁၁) မြစ်ချောင်းအင်းအိုင်များ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ပါ၊
(၁၂) သဘာဝဓာတ်မြေသြဇာများကို တိုးမြှင့် သုံးစွဲကြပါ

လို့ နှိုးဆော်ရင်း **'အက်စစ်လိုမိုးများ'** မရွာအောင် ဝိုင်းဝန်းဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ။

မိမိတို့ ပြည်သူပြည်သားအားလုံးအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အမျိုးသားရေးလုပ်ငန်းအဖြစ်မှတ်ယူပြီး လျှပ်စစ်ဓာတ်အား ချွေတာခြင်း၊ လောင်စာဆီသုံးစွဲမှု လျှော့ချခြင်း၊ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန်လည်စုပ်ယူနိုင်တဲ့ သစ်ပင်တွေစိုက်ပျိုးခြင်း၊ သစ်တောပြုစုပျိုးထောင်ခြင်းတွေကို ပြုလုပ်ခြင်းဖြင့် ဤကမ္ဘာမြေကို စိမ်းလန်းစေကာ သန့်ရှင်းသောလေအား ရှူရှိုက်နိုင်ပြီး အက်စစ်လိုမိုးများ မရွာသွန်းအောင် ဝိုင်းဝန်းဆောင်ရွက်။

ရေစကြိုမြို့နယ် ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်

ရေစကြို မေ ၂၉

ရေစကြိုမြို့နယ်၏ ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၅ရက် မွန်းလွဲပိုင်းက အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်၌ ကျင်းပသည်။

အလှူငွေပေးအပ်

ရှေးဦးစွာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မပါလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလက သြဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးနှင့် ပတ်သက်သည်များကို ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်က လျှောက်ထားပြီး အလှူငွေပေးအပ်ပွဲ အစီအစဉ်ကို ကျင်းပပြီး **(အောက်ပုံ)** တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒာ ဘိဝံသထံမှ ရေစက်ချအနုမောဒနာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှူဒါန်း

ယခုလှူဒါန်းသော ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၄၁ဦးတို့က ငွေကျပ် ၁၀၀၇၃၀၀၀ ကို လှူဒါန်းကြသည်။ (က-ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူး ဗဟန်းမြို့နယ် သက္ကနိမ္မိတာရုံသီလရှင်စာသင်တိုက် ဆွမ်းပဒေသာပင်လှူဒါန်း

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့်ဆွမ်းပဒေသာပင်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂၉ ရက် နံနက်၈နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်ရှိ သက္ကနိမ္မိတာရုံသီလရှင် စာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ဆွမ်းပဒေသာပင်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက်အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဆွမ်းဆန်တော်၊ ဆီ၊ ပဲနှင့် ဆွမ်းပဒေသာပင်ဆက်ကပ်လှူဒါန်း ရခြင်းနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားပြီး ဆွမ်းဆန်တော်၊ ဆီ၊ ပဲလှူဖွယ် ဝတ္ထုပစ္စည်းများနှင့် ဆွမ်းပဒေသာပင် ငွေကျပ် ၁၅သိန်းတို့ကို ဆက်ကပ်လှူဒါန်းသည်။ ကြရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက လက်ခံယူသည်။

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သီလရှင်စာသင်တိုက်အတွင်း၌ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဗဟန်းမြို့နယ် သက္ကနိမ္မိတာရုံ သီလရှင်စာသင်တိုက်အတွက် ဆွမ်းပဒေသာပင် အလှူငွေများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လက်ခံယူ

ယင်းနောက် စေတနာရှင်အလှူရှင်များက သက္ကနိမ္မိတာရုံသီလရှင် စာသင်တိုက်အတွက် ဆွမ်းပဒေသာပင် ငွေကျပ်၁၄၅၀၀၀၀ကို ပေးအပ်လှူဒါန်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅	သာသနာတော်သုံးရပ်ရှင်းတရားတော် ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် (ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၈:၀၀	အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေသော လှိုင်လင်
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	နိုင်ငံတကာအနုပညာရေးရာ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်းစီမံချက် (၂၀၀၇)
၉:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅	ရိုးရာသဘင်ကိုမြင့်စေလို
၁၀:၃၅	တေးဂီတအစီအစဉ်
၁၀:၄၀	Midweek Sports News
၁၁:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြစ်ဆီရိုး ကြက်ဆူပင်များ
၁၁:၂၅	မိုးလေဝသခန့်မှန်းချက်
၁၁:၃၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" (အပိုင်း-၁)
၁၁:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂:၀၀	MRTV-4 စာအုပ်စင်ကဏ္ဍ [Idea မဂ္ဂဇင်းအယ်ဒီတာချုပ် မောင်မျိုး (ကြောင်နှစ်ကောင်)နှင့် တွေ့ဆုံခြင်း]
၁၂:၂၀	တေးဂီတအစီအစဉ်
၁၂:၂၅	မွေးရန့်သင်းကြိုင် နံ့သာတိုင်
၁၂:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၄၅	တေးဂီတအစီအစဉ်
၁၂:၅၀	သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂:၃၀	AC Milan-Man: Utd	5- Sports (Live)

ခန္တီးခရိုင်ပြန် / ဆက်စကားဝိုင်းဆွေးနွေး

ခန္တီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော စာပေစကားဝိုင်းဆွေးနွေးပွဲကို မတ် ၃၁ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ဦးစီးအရာရှိဦးဝင်းမြင့်က စာပေစကားဝိုင်းကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြမောင်နှင့်အသင်းဝင်များက နိုင်ငံရေး ဦးတည်ချက်(၄)ရပ်ကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြယဉ်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက စီးပွားရေး ဦးတည်ချက်(၄)ရပ်ကို လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးဒေါ်သောဘီနှင့် အသင်းဝင်များကလူမှုရေး ဦးတည်ချက်(၄)ရပ်ကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။
(ခရိုင် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ စစ်ကိုင်း၌ ကျင်းပ

သုတအဖြာဖြာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ရက် နံနက် ၉နာရီက စစ်ကိုင်းမြို့ မင်းလမ်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် မင်းလမ်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သုတအဖြာဖြာစာကြည့်တိုက်သို့ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သောင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ငွေကျပ်တစ်သောင်း၊ တက်နေဝင်းမိသားစုက ငွေကျပ်တစ်သောင်း၊ စစ်ကိုင်းမြို့ စံတည်းခိုခန်းပိုင်ရှင် ဦးဘိုသန်းက ငွေကျပ်ငါးထောင် စုစုပေါင်းလှူဒါန်းငွေကျပ်သုံးသောင်းငါးထောင် လှူဒါန်းကြကြောင်း သိရသည်။
(ခရိုင် ပြန်/ဆက်)

ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲအောင် သံဃာတော်များ စူဠဘွဲ့နှင်း

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်-ပြင်ဦးလွင်မြို့နယ် ၂၀၀၆ ခုနှစ် ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို တန်ခူးလပြည့်ကျော် ၁ ရက်က ဥပတ္ထမ္ဘကအဖွဲ့ဆွမ်းလောင်းအသင်းဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနက ငါးပါးသီလချီးမြှင့်ပြီး ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ဆက်လက်၍ ၂၀၀၆ ခုနှစ်ပါဠိပထမပြန်စာမေးပွဲတွင် ကြီး၊ လတ်၊ ငယ်၊ နိကာယ်၊ ယဉ်ကျေးမှု စာအောင် ၁၁၄ ပါးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများကိုခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။ (၂၈၀)

တွင်းကုန်း-ကျောက်မဆင်လမ်းကျောက်ချောခင်း

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လုပ်ငန်းဖြစ်သော တွင်းကုန်း-ကျောက်မဆင်လမ်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းနှင့် ဓမ္မာရုံလမ်း၊ ဈေးတောင်ဘက်လမ်းများ ကတ္တရာလမ်းပေါက်ဖာထေးခြင်း လုပ်ငန်းများကို မတ် ၁၅ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ချိုချိုနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြင်းမူမြို့ မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သောမြင်းမူမြို့ ဘုရင့်နောင်ရပ်ကွက် မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၆ ရက် နံနက် ၈ နာရီက အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာဦးဝင်းနွယ်က မြတ်လေးလမ်း ကတ္တရာလမ်းခင်းခြင်းနှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇင်တို့က မြတ်လေးလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။
(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း
ပြည်တွင်း သတင်း အတိုအထွာ

စာကြည့်တိုက်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

နွားထိုးကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးထိန်လင်းနှင့် အငယ်တန်းစာရေး ဦးအောင်တို့သည် မတ်၁၆ရက် နံနက် ၈နာရီက ကြောင်နံကျေးရွာအုပ်စု မင်းရွာစံပြကျေးရွာရှိ မျိုးဆက်သစ်စာကြည့်တိုက်သို့ သွားရောက်ပြီး ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးထိန်လင်းက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စာအုပ်စာစောင်များ စုဆောင်းရေး၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားပြစက်ရရှိရေး၊ ပင်မငွေပဒေသာပင် စိုက်ထူနိုင်ရေး စည်းရုံးဆောင်ရွက်ရန်နှင့် သီးသန့်အဆောက်အအုံရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်းမြင့်လယ်ယာမြေဖော်ထုတ် တောင်သူများအားထောက်ပံ့ကြေးပေး

စက်မှုလယ်ယာဦးစီးဌာန တောင်ကြီးမြို့ အမှတ်(၄) ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းမှ လယ်ယာမြေများ ဖော်ထုတ်ခဲ့သည့် ကျေးရွာအုပ်စုရှိ တောင်သူ၂၈ဦး ဖော်ထုတ် ၅၄ဧကနှင့် သိကျိတ် ကျေးရွာအုပ်စုရှိ တောင်သူ ၁၂၅ဦး ဖော်ထုတ် ၂၄၉ ဧကတို့အတွက် နိုင်ငံတော်က ထောက်ပံ့ငွေ ပေးအပ်ပွဲကို မတ် ၂၈ရက်က ဖယ်ခုံမြို့၌ ကျင်းပရာ စီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မွန်က တောင်သူများအား ထောက်ပံ့ငွေ ကျပ်သုံးဆယ့်ခြောက်သိန်းသုံးသောင်းခြောက်ထောင်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေး အရန်မီးသတ် အကြပ်သင်တန်းဆင်း

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးဘေးကြိုတင်တားဆီးကာကွယ်ရေး စီမံချက်အရ မြို့နယ်အရန်မီးသတ်တပ်ရင်းက ကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်အကြပ်(ညအိပ်စခန်းချ) သင်တန်းအမှတ်စဉ်(၁/၂၀၀၇) ဆင်းပွဲအခမ်းအနားကို ဧပြီ ၁၁ရက် နံနက်၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အရန်မီးသတ်တပ်ရင်းမှူးမြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူးဦးဆိုင်းနော်က သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းစိန်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ဝင်၅၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ၁၅ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ (၄၁၆)

ဒဂုံတံတားတည်ဆောက်ရေး အရှိန်အဟုန်မြှင့် ဝန်ကြီးဗိုလ်ချုပ်စောထွန်း လိုအပ်ချက်များ ဖြည့်ဆည်းပေး

ရန်ကုန် မေ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းက မော်တော်ယာဉ်များဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (အောက်ပုံ)

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မများ လွှန်းထိုးနေရာချမည့် ရေလယ်တိုင်အမှတ်(P-11)နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.Dဘိုးပိုင်အုတ်မြစ် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းအရှည်ပေ၄၅၄ဝနှင့် ယာဉ်သွားလမ်းအကျယ်၇၂ပေရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီနှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးခြင်းခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်သည်။

ယခုအခါ ဒဂုံတံတား၏ ရန်ကုန်ဘက်ကမ်းနှင့် သန်လျင်ဘက်ကမ်း ချဉ်းကပ်တံတားတို့ပြီးစီး၍ ပင်မတံတား၏ ရေလယ်တံတားတိုင်နှင့် အစွန်းထွက် ရက်မ ၁၇တိုင်ရှိရာ ၁၆ တိုင်မှာ အားလုံးပြီးစီးပြီး နောက်ဆုံးတိုင်ဖြစ်သည့် ရေလယ်တိုင် (P-12)၏ အစွန်းထွက်ရက်မ လက်စသတ်လုပ်ငန်းသာ ကျန်ရှိသည်။ ပင်မတံတား၏ ကြိုတင်အားဖြည့်သံကူကွန်ကရစ်ရက်မတပ်ဆင်ရန် ၁၆ခန်းရှိသည့်အနက် ၁၄ခန်းပြီးစီးကာ နှစ်ခန်းသာဆောင်ရွက်ရန်ကျန်ရှိ၍ သံကူကွန်ကရစ်ကြမ်းခင်းလုပ်ငန်းမှာ ဆောင်ရွက်ရန် သုံးခန်းကျန်ရှိပြီး ကျန်လုပ်ငန်းများကို မကြာမီ ဖွင့်လှစ်နိုင်ရန် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လှော်ကားဉယျာဉ်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး၏ ပီယဒဿီ မြတ်စွာဘုရားနှင့် ဂန္ဓကုဋိကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်ညွန့်(ကျော်ညွန့်ရည်)နှင့် ဇနီးဒေါ်ဝါဝါကျော် မိသားစုတို့က အလှူငွေကျပ် သိန်း ၂၀ကို မေ ၁ ရက်က ဩဝါဒါစရိယဆရာတော်ကြီး ခန္တီးဆရာတော် ဘဒ္ဒန္တ ဂန္ဓသာရ ရှေ့တော်မှောက်တွင် နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ် ဖြစ်မြောက်ရေးကော်မတီဝင် ဦးအောင်ကြိုင်နှင့် ဦးအောင်မြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရှင်ဃောသိတ (တစ်ဘဝသာသနာကျမ်းပြု) သုံးလပြည့်အထိမ်းအမှတ် ကျင်းပမည်

ရန်ကုန် မေ ၁

မိုးကုတ်အဖွဲ့ချုပ်ကြီး၏ ပဓာနနာယက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီး၏ သုံးလပြည့်အထိမ်းအမှတ် မိုးကုတ်ဝိပဿနာ သစ္စာအထူးတရားပွဲတွင် စစ်ကိုင်းတောင်ရိုး သီရိသုမနချောင် မိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မရိပ်သာဆရာတော် အရှင်သုမန(မဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က သစ္စာတရားတော်များအားဟောကြားပြသပေးမည်ဖြစ်ပြီး မေ ၇ရက်မှ ၁၈ရက်အထိ မြောက်ဥက္ကလာပမြို့နယ်လုံးဆိုင်ရာ သာသနဟိတဓမ္မာရုံကြီး အမှတ်(၂)ရပ်ကွက် သီတာလမ်း၌ ညစဉ် ၇ နာရီမှစ၍ တရားသဘင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

■ **ကျောဖုံးမှ**

မအူပင်ဒေသအတွင်း သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု အခြေအနေများ၊ ဘူမိဗေဒနှင့်ဘူမိရူပဗေဒဆိုင်ရာအချက်အလက်များ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ ဦးဆောင် ညွှန်ကြားရေးမှူး ဦးမြင့်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှု ဖူလုံစေရန်အတွက်ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးရေး ကြိုးစားဆောင်ရွက်သွားကြရန် ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ယခုကဲ့သို့ သဘာဝဓာတ်ငွေ့ မြေအသစ်၊ ရေနံမြေအသစ်များ ထပ်မံဖော်ထုတ်သွားနိုင်ရေးအတွက် ဆက်လက်ကြိုးစား ရှာဖွေသွားကြရမည်ဖြစ်ကြောင်း၊ ယခုတွေ့ရှိထားသည့် မအူပင်ဒေသနှင့် ဘူမိအနေအထား ဆက်စပ်လျက်ရှိသော အခြားရေနံနှင့်သဘာဝဓာတ်ငွေ့ အလားအလာ ကောင်းများကိုလည်း သေချာစွာ လေ့လာသုံးသပ်ပြီး ရှာဖွေရေးတွင်းသစ်များကိုဆက်လက်တူးဖော်စမ်းသပ်သွားရမည်ဖြစ်ကြောင်း၊ မအူပင် (တောင်)ဒေသတွင် ထုတ်လုပ်ရေးတွင်းများကို အမြန်ဆုံးဆက်လက်တူးဖော်သွားကြရန်နှင့် ပေနက်ပိုင်း အလားအလာကောင်းသည့် သဲကြောများကိုပါ တူးဖော် စမ်းသပ်သွားရန် ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးက မအူပင် (တောင်) အစမ်းတွင်း အမှတ်(၁)ကို အောင်မြင်စွာ တူးဖော် ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး အဆိုပါတွင်းသစ်သို့ သွားရောက်ကာ တွင်းတူးဖော်ပြီးစီးမှုနှင့် သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါတွင်းသစ်မှ သဘာဝဓာတ်ငွေ့ကုဗပေ ၃ ဒသမ ၂ သန်းကို နေ့စဉ် ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ယခု အသစ်ထပ်မံတွေ့ရှိထားသည့်မအူပင်(တောင်) အစမ်းတွင်းအမှတ်(၁)သည် မအူပင်မြို့၏ တောင်ဘက်နှစ် မိုင်ခန့်အကွာ၌တည်ရှိပြီး လက်ရှိလေဆီနှင့် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် ထုတ်လုပ်ပေးလျက်ရှိသော ညောင်တုန်း သဘာဝဓာတ်ငွေ့မြေ၏ တောင်ဘက် ၁၈ မိုင်အကွာ သီးခြားလုပ်ကွက်၊ သီးခြားဘူမိအနေအထားပေါ်တွင် တည်ရှိသည်။ နေ့စဉ်နှင့်အမျှ တိုးတက် သုံးစွဲလျက်ရှိသော သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် မအူပင်ဒေသမှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို အမြန်ဆုံး ပို့လွှတ်သုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းငယ် ရွေ့လျားနေ

နေပြည်တော် မေ ၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ကော့သောင်းမြို့၏ အရှေ့ဘက် မိုင်၁၀၀ခန့်အကွာ ထိုင်းပင်လယ်ကွေ့ အတွင်း၌ မုန်တိုင်းငယ်တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားလျက်ရှိသည်။

ယင်းမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၃၆ နာရီ အတွင်း မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းနှင့်မွန်ပြည်နယ်တို့၌ နေရာအနှံ့အပြားမိုးရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုးရွာစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်အထိ တိုက်ခတ်နိုင်သည်။ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီးခေတ္တမျှ လှိုင်းကြီးနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကံထူးရှင်များပေါ်ထွက်

ရန်ကုန် မေ ၁

အကြိမ် (၂၂၀)မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အထူးဆုကြီးတစ်ဆု
ကျပ်သိန်း၅၀၀

ဗ-၄၀၀၄၈၅

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း၃၀၀ဆုများ

တ-၂၈၉၇၁၆	ဋ-၇၂၂၂၆၄

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း၂၀၀ဆုများ

ဒ-၇၀၇၀၃၉	ဍ-၃၆၇၁၃၃
ဆ-၇၆၀၅၅၁	ဋ-၃၇၄၄၅၃

ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း၁၀၀ဆုများ

က -၂၇၅၅၆၂	င -၂၇၆၉၈၈
ဃ -၆၀၉၃၃၁	က -၆၁၄၈၂၅
ဧ -၅၃၁၉၃၉	စ -၄၀၅၁၄၃
ဋ -၁၆၄၂၅၈	ခ -၇၃၈၃၁၆
လ -၁၈၉၉၉၉	လ -၆၄၇၁၃၃
မ -၂၇၀၀၉၃	န -၃၂၁၅၆၆
ဌ -၇၁၂၂၆၂	လ -၁၆၉၆၀၆

က-၈၈၀၁၄၃

ကျပ်သိန်း၁၀၀
(မင်္ဂလာစုံတွဲ)ဆုများ

ည -၈၈၄၃၈၆	ဂ -၆၇၅၂၇၆
ရ -၆၂၉၉၅၉	သ -၂၂၆၆၃၂
ဂ -၅၆၈၇၉၈	င -၇၀၄၁၆၂
ဖ -၃၄၄၆၆၁	ဍ -၆၃၉၉၅၀
ဂ -၁၈၉၆၃၅	ဌ -၉၅၄၂၁၅
ခ -၄၀၄၂၈၂	စ -၃၂၇၅၈၁
ဏ -၄၃၉၅၇၉	ထ -၂၆၉၄၉၆
ဗ -၉၀၃၆၀၃	ယ -၁၁၀၄၂၄

(သတင်းစဉ်)

ကျောက်ကြီးမြို့နယ်တွင် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိ အပြစ်မဲ့ပြည်သူနှစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိခဲ့

နေပြည်တော် မေ ၁

အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများသေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက် နံနက် ၇ နာရီခန့်တွင် ကျောက်ကြီးမြို့နယ် အောင်သုခရပ်ကွက်နေ ဦးကျော်စိုးနိုင်၏သား မင်းသူထွန်း အသက်(၁၇)နှစ်သည် ဟင်းသီးဟင်းရွက်ရှာရန်အတွက် ကျေးရွာမှ တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ မင်းသူထွန်း၏ ညာဘက်ခြေထောက် ဒူးအောက်မှပြတ်ကာ ညာဘက်မျက်ခုံး မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရ

အလားတူဧပြီ ၂၆ရက် ညနေ ၅နာရီခန့်တွင် ကျောက်ကြီးမြို့နယ် မြောင်းဦးရွာမှ အဖ ဦးတင်အေး၏သား ရဲအောင် အသက်(၂၀)နှစ်သည် ဖွတ်ရှာရန် တောတွင်းသို့သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး ရဲအောင်၏ ဘယ်ဘက်ခြေထောက် ခြေဖဝါးပြတ်ကာ ညာဘက်ပေါင် မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ဖော်ထုတ်ရှင်းလင်း

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် မင်းသူထွန်းအား ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ရဲအောင်အား မုန်းတိုက်နယ်ဆေးရုံသို့လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်ကြပြီး ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကပ္ပတိန်သန်းအောင်လတ်-ဒေါ်သက်နွယ်ဦး၊ သမီး ဆုမြတ်နိုး၊ ရှင်မင်းထွန်းမိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးကျော်ဌေးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြို့ပတ်ရထားလမ်းတစ်လျှောက် သံလမ်းများကြံ့ခိုင်မှုနှင့် ဘူတာရုံများနှင့် ဝန်းကျင်သန့်ရှင်းသာယာလှပရေး တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၉ ရက် နံနက် ၇ နာရီက ရန်ကုန်ဘူတာကြီးသို့ရောက်ရှိပြီး မြန်မာ့မီးရထား မြို့ပတ်အထူးအမြန်ရထားဖြင့် မြို့ပတ်ရထားလမ်းတစ်လျှောက် ရထားသံလမ်းများ ကြံ့ခိုင်မှုအခြေအနေ၊ ရထားလမ်း၏ လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပမှုအခြေအနေ၊ ဘူတာရုံများနှင့် ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှု အခြေအနေ၊ ရထားလမ်းကူးတံတားများ အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ (အပေါ်ပုံ) **မြန်မာ့မီးရထားအထွေထွေမန်နေဂျာ အင်ဂျင်နီယာ (မြို့ပြ)ဦးဌေးအောင်က မြို့ပတ်ရထားလမ်း တိုးချဲ့ဖောက်လုပ်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ထို့နောက် ရန်ကုန်ဘူတာကြီး ဧည့်ခန်းမ၌ ရန်ကုန်မြို့ပတ်ရထားလမ်းတစ်လျှောက်နှင့် ဘူတာရုံများ သန့်ရှင်း သာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ရပ်ကွက်များနှင့် ဘူတာရုံများကို ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ယင်းနောက် မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)ဦးမြင့်ဝေက သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံး ရပ်ကွက်ဆုများ ရွေးချယ်ခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သန့်ရှင်းသပ်ရပ်မှုအကောင်းဆုံးဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးရပ်ကွက် ပထမဆုရရှိသော ဒညင်းကုန်းဘူတာနှင့် အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်၊ သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံး ဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံး ရပ်ကွက် ပထမဆုရရှိသော ပြည်လမ်းဘူတာနှင့် ဒဂုံမြို့နယ် ပြည်အနောက်ရပ်ကွက်၊ သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံး ဘူတာနှင့်ပူးပေါင်း ဆောင်ရွက်မှု အကောင်းဆုံး ရပ်ကွက် ဒုတိယဆုရရှိသောကြည့်မြင်တိုင်ဘူတာနှင့်စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက်၊ သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံးဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှုအကောင်းဆုံး ရပ်ကွက် ဒုတိယဆုရရှိသော ကမာရွတ်ဘူတာနှင့် လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက်၊ သန့်ရှင်းသပ်ရပ်မှု အကောင်းဆုံး ဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးရပ်ကွက် တတိယဆုရရှိသော မင်္ဂလာဒုံဘူတာနှင့် ချစ်တီးကုန်းရပ်ကွက်၊သန့်ရှင်းသပ်ရပ်မှုအကောင်းဆုံး ဘူတာနှင့် ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးရပ်ကွက် တတိယဆုရရှိသော ဘုရားလမ်းဘူတာနှင့်ပန်းဘဲတန်းမြို့နယ် အမှတ်(၅)ရပ်ကွက်တို့အား ဆုများပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံနှင့် အလှူငွေပေးအပ်

ရန်ကုန် မေ ၁

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မွန်ပြည်နယ်အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေး အလံပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ဧပြီ၂၉ရက်က မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်ပြီး ယှဉ်ပြိုင်မည့်အသင်းအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး မွန်ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ် အမျိုးသမီးဘောလုံးအသင်း အောင်နိုင်ရေးအတွက် အလှူငွေပေးအပ်ပွဲကိုကျင်းပရာ မော်လမြိုင်မြို့ အဲရိုးမြန်မာစတိုးမှ ဦးနေဝင်း၊ ဒေါ်အေးအေးမွန် မိသားစုတို့က ငွေကျပ်၂၂၀၀၀၀၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မော်လမြိုင် ဇေရတ်ရွှေဆိုင်မှ မခိုင်မိသားစုနှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်းစီ၊ သန်မြန်သူမော်တော်ယာဉ်လိုင်း၊ မြို့မမော်တော်ယာဉ်လိုင်း၊ မော်လမြိုင် သင်းမွှေးကားထုတ်လုပ်ရေး၊ စူပါမွန်ကားထုတ်လုပ်ရေးနှင့် စိန်ကြယ်ကားထုတ်လုပ်ရေးတို့က ငွေကျပ်တစ်သိန်းစီစုစုပေါင်း ငွေကျပ် ၁၀ သိန်း နှစ်သောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက လက်ခံ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

အောင်နိုင်ရေးအလံအပ်

ယင်းနောက် မွန်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား ပြည်နယ် အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုးက အောင်နိုင်ရေးအလံကို ပေးအပ်သည်။ **(သတင်းစဉ်)**

စက်ယန္တရားများ အကျိုးရှိစွာအသုံးပြု သတ်မှတ်ချိန်အမီပြီးအောင်ဆောင်ရွက်

ရန်ကုန် မေ ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၉ရက် နံနက်ပိုင်းက ရန်ကုန်–ပုသိမ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်း မိုင်တိုင် ၁၂/၆ ရှိ လုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဝန်ကြီးအား ပုသိမ်ခရိုင် ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ပုသိမ်–သလပ်ခွာ–မော်တင်စွန်းလမ်း ဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စံချိန်စံညွှန်းမီလမ်းကြီးဖြစ်အောင် အင်ဂျင်နီယာများ ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်ကြရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ပုသိမ်မြို့မှ ပုသိမ်–ကံကုန်း–မြင်းကဆိပ်–မြောင်းမြလမ်းအတိုင်းထွက်ခွာခဲ့ရာ ၁၄ မိုင်၊၃ ဖာလုံနှင့် ၁၄ မိုင်၊၄ဖာလုံကြားရှိ ပုသိမ်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ညောင်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ယင်းနောက် ဝန်ကြီးအား တံတားလုပ်ငန်းခွင်တွင် ပုသိမ်ခရိုင် ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်သိန်းက ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်ယာဉ်ယန္တရားများ အကျိုးရှိစွာ အသုံးပြုရေးနှင့် သတ်မှတ်ချိန်အမီ ပြီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးသည် မြောင်းမြ–အိမ်မဲလမ်းအတိုင်း လမ်းတစ်လျှောက် လမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ လပွတ္တာ–မြောင်းမြ–အိမ်မဲလမ်း မိုင်တိုင် ၅၇/၇၌ မြောင်းမြခရိုင်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော ကံကြီးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်ရုံးသို့ရောက်ရှိပြီး မြောင်းမြခရိုင် ခရိုင်အင်ဂျင်နီယာမှူး ဦးမြင့်ဦး၏ ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြ–အိမ်မဲလမ်း မိုင် ၆၀/၃ ၌ မြောင်းမြခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပန်းတနော်–အိမ်မဲလမ်း မိုင်တိုင်၆/၂၌ သုံးခွချောင်းကို ဖြတ်သန်း၍ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)က ဆောင်ရွက်လျက်ရှိသော သုံးခွချောင်းတံတား (ကျုံတိုင်းကြီး) လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်စီသန်းက တံတားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲဗိုလ်လု အမှုဆောင်များစီမံခန့်ခွဲရေးနှင့် အခြေခံကြံ့ခိုင်ရေးသင်တန်းဖွင့်ပွဲများကျင်းပ

နေပြည်တော် မေ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်း သနပ်ပင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း၌ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဗဟိုအလုပ်အမှုဆောင်ဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အလွတ်တန်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

အဆိုပါ အလွတ်တန်းဘောလုံးပြိုင်ပွဲ တွင် ပြိုင်ပွဲဝင်အသင်း၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဗိုလ်လုပွဲတွင် ရေကျော် မကြက်စုအသင်းက ရေကျော်(က) အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိကြသော အသင်းများနှင့် အားကစားသမားများအား ဆုများချီးမြှင့်ကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောက်တံခါးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ကျင်းပသော မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမှုဆောင်များ စီမံခန့်ခွဲရေး (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၁/၂၀၀၇)နှင့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျောက်ကြီးမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၄)နှင့် အခြေခံကြံ့ခိုင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၇) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

အမှာစကား

ယင်းမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၁၃)နှင့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ်ငါးသောင်း၊ ညောင်ပင်သာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးကြီးစိန်က သင်တန်းအမှတ်တရ ယပ်တောင် အချောင်း ၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း ကတိုက် ရေလှောင်တမံဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

* ရှေ့ဖုံးမှ

ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားရာတွင် စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံစေရန်၊ ဒေသအလိုက်စားနပ်ရိက္ခာဖူလုံစေရန်၊ အမျိုးသားစီးပွားရေး ခိုင်မာ တောင့်တင်းစေရန်အတွက် အဓိကဖော်ဆောင်ပေးနေသော အခြေခံကျသည့် စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။

မွန်ပြည်နယ်၏ မြေယာအသုံးချမှုမှာ အသားတင်စိုက်ပျိုးမြေ ၁၂ သိန်းကျော်၊လုပ်မြေကေခြောက်ထောင်နီးပါး၊ မြေရိုင်းဧက ၁ သိန်းကျော် အခြားမြေများက ၁၇ သိန်းခန့် ရှိသည့်အတွက် စုစုပေါင်းဧကသိန်း၃၀ကျော်ရှိကြောင်း။

လယ်မြေများနစ်မြုပ်မှုသက်သာ

နိုင်ငံတော်သည် ယခုအချိန်ထိ ဆည်မြောင်းတာတမံနှင့် ရေထိန်းတံခါး စီမံကိန်းပေါင်း ၁၉၈ ခုအထိ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ကတိုက်ရေလှောင်တမံသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကတာဝန်ယူပြီးနောက် တည်ဆောက်ပြီးခဲ့သည့် ၁၉၈ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီးမွန်ပြည်နယ် အနေဖြင့် ၁၀ ခုမြောက် စီမံကိန်းဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် ကတိုက်ရေလှောင်တမံတည်ဆောက်ဖွင့်လှစ်နိုင်သဖြင့် ရင်းငြိမ်ချောင်း အောက်ပိုင်း၌ရှိသည့် လယ်မြေများ ရေကြီးနစ်မြုပ်မှု သက်သာစေရန်နှင့် လယ်မြေဧက ၁၀၀၀၀ ကိုသီးထပ်စိုက်ပျိုးရန်အတွက် ရေပေးဝေနိုင်မည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

မွန်ပြည်နယ်တွင်ယခုတည်ဆောက်ပြီးစီးသည့် ကတိုက်ရေလှောင်တမံအပါအဝင် ရေလှောင်တမံငါးခု၊ ရေထိန်းတံခါးငါးခု၊ မြစ်ရေတင်လုပ်ငန်း ငါးခုကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

စောစွာရိတ်သိမ်းနိုင်

ကတိုက်ရေလှောင်တမံကြီး တည်ဆောက်ခြင်းအားဖြင့် လယ်မြေများ ရေကြီးနစ်မြုပ်မှုကိုကာကွယ်နိုင်ခြင်း အတွက် လယ်မြေများသည် ရေကြီးရေနက်ကွင်းများအခြေအနေမှ ရေတော်မိုးတော်လယ်မြေများကို ပြောင်းလဲလာပြီး မိုးစပါးစိုက်ချိန်ကို မူလထက်စောစွာ စိုက်ပျိုးနိုင်၍ စောစွာရိတ်သိမ်းနိုင်မည်ဖြစ်ကြောင်း၊ သီးထပ်များ နွေစပါးများ စိုက်ပျိုးနိုင်ခြင်းအတွက် ဒေသရှိတောင်သူလယ်သမားများ၏တစ်ဦးချင်းဝင်ငွေသည် မူလထက် တိုးတက်လာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးမှုအတွက် မလွဲမသွေ အထောက်အကူပြုမည်ဖြစ်ကြောင်း။

ထိန်းသိမ်းဆောင်ရွက်

ယခုနိုင်ငံတော်က ငွေကြေးမြောက်မြားစွာရင်းနှီးမြှုပ်နှံပြီး မိမိတို့လက်ဝယ်ရောက်ရှိလာသည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို ရေရှည်သားစဉ်မြေးဆက် ဆက်လက်အကျိုးခံစားနိုင်အောင် မိမိတို့၏ ကိုယ်ပိုင်ဥစ္စာသဖွယ် ထိန်းသိမ်း စောင့်ရှောက်ကြရန်လိုကြောင်း။

နိုင်ငံတော် အကြီးအကဲကလည်း နိုင်ငံတော်ရဲ့ "စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်" အခါမလပ် ကြပ်မတ်လမ်းညွှန်လျက်ရှိပြီး အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် အရေးပါသည့် စိုက်ပျိုးရေရရှိရန် ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော်ရန် အခါမလပ် လမ်းညွှန်ပေးလျက်ရှိကြောင်း။

တိုးချဲ့စိုက်ပျိုး

မွန်ပြည်နယ်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူ ဧက တစ်သိန်း စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၀၇–၂၀၀၈ခုနှစ်တွင် ဧက နှစ်သိန်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်တွင်ဧက နှစ်သိန်း စုစုပေါင်းဧကငါးသိန်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ငရုတ်ကောင်းသီးနှံကိုလည်း မွန်ပြည်နယ်၏ ရေမြေရာသီဥတု အခြေအနေနှင့် ကိုက်ညီသည့် သီးနှံဖြစ်သဖြင့် ရှေးယခင်ကတည်းက မိရိုးဖလာ ကျယ်ကျယ်ပြန့်ပြန့် စိုက်ခဲ့သဖြင့် ယခုအခါတွင် ငရုတ်ကောင်းပြည်နယ်အဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း။

အစဉ်တစိုက်ဆောင်ရွက်

နိုင်ငံတော်က စေတနာနှင့်လုပ်ကိုင်တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကို တောင်သူလယ်သမားများအပါအဝင် ပြည်သူတစ်ရပ်လုံး အသုံးချပြီး မိမိတို့စီးပွားရေးဘဝ၊ လူမှုရေးဘဝ အခြေအနေ တိုးတက်မြင့်မားစေရန် အစဉ်တစိုက်ကြိုးစားဆောင်ရွက်ပြီး မိမိအကျိုး၊ နိုင်ငံတော်အကျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည်နှင့်အညီ နိုင်ငံတော်အတွက် တည်ငြိမ်ခိုင်မာသည့် အနာဂတ် ဖြစ်ပေါ်လာစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးအတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စု စိတ်ဓာတ်ရှင်သန်ထက်မြက်မှုစွမ်းအားနှင့် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်တို့အပေါ် တည်မှီလျက်ရှိသည့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အမှာစကား ပြောကြား

လယ်ယာစိုက် ပျိုး ရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ဌေးဦး ကတိုက်ရေလှောင် တမံ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသည် အဓိကကျသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေနှင့် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်သည့်အတွက် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံအောင် ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပိုလျှံသော လယ်ယာထွက်ကုန်များကို ရောင်းချခြင်းအားဖြင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာပြီဖြစ်ကြောင်း။

အစီအမံများချမှတ်

စိုက်ပျိုးရေ ရရှိရေး၊ ရေဘေးကာကွယ်ရေးနှင့် သောက်သုံးရေရရှိရေးလုပ်ငန်းစီမံကိန်းများကို ပြည်နယ်၊ တိုင်းဒေသအနှံ့တွင် အစီအမံများချမှတ် အကောင်အထည်ဖော်ပေးလျက်ရှိခြင်းကြောင့် ကျေးလက်ဒေသ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများသည် တိုးတက်လာခဲ့ကြပြီဖြစ်ကြောင်း။

တပ်မတော်အစိုးရက နိုင်ငံတော်ကို စတင် တာဝန်ယူခဲ့သည့်(၁၉၈၈–၈၉) ခုနှစ်အချိန်က တစ်နိုင်ငံလုံးတွင် ဆည်တမံလုပ်ငန်းပေါင်း ၁၃၈ခုသာရှိခဲ့ပြီး အကျိုးပြုဧက ၁၁သမ၃၄ သန်းသာရှိခဲ့ကြောင်း၊ အခုအချိန်တွင် တစ်နိုင်ငံလုံးအနေနှင့် ဆည်တမံ လုပ်ငန်းပေါင်း ၁၉၈ခု တိုးတက်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကျိုးပြု ဧက ၂၁သမ၆သန်းကျော် တိုးတက်လာခဲ့ကြောင်း။

တိုးတက်မြင့်မား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် လယ်ယာကဏ္ဍတွင် အဓိကကျသော သီးနှံ ၁၀ မျိုးကို ပန်းတိုင်အထွက်နှုန်းများသတ်မှတ်ပြီး တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်ကူညီအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မွန်ပြည်နယ်သည် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသည့်ပြည်နယ်ဖြစ်ပြီး တောင်ကုန်းတောင်စောင်းပါမကျန် စိုက်ပျိုးဖြစ်ထွန်းနေသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် လူသားများ၏ စားရေး၊ ဝတ်ရေးနှင့် နေထိုင်ရေးကို အထောက်အကူပေးရုံသာမကဘဲ လောင်စာဆီထုတ်လုပ်ရေးအတွက်ပါ အကျိုးပြုနေပြီဖြစ်ကြောင်း။

ကမ္ဘာတွင် ရေပန်းစားနေသည့် ဇီဝဒီဇယ်ဆီထုတ်လုပ်နိုင်သည့် ခြံစည်းရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေကောင်းမြေညံ့မရွေး ပေါက်ရောက်နိုင်သည့် သဘာဝက ပေးသော သီးနှံဖြစ်ကြောင်း၊ တောင်သူများအနေနှင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူရိုင်းအဆီနှင့် လယ်ယာသုံး စက်ကိရိယာများကို မောင်းနှင်နိုင်မည်ဖြစ်သည့်အတွက် စက်မှုလယ်ယာကူးပြောင်းရေးတွင်များစွာ အထောက်အကူရကြောင်း။

ရင်းငြိမ်ရေထိန်းတံခါးကြီးကိုလွှန်ခဲ့သည့် ၂၀၀၆ခုနှစ်က တည်ဆောက်ပေးခဲ့ပြီး လယ်မြေများ မိုးရာသီ ရေလွှမ်းမိုးမှုနှင့် နွေရာသီ ပင်လယ်ရေငန် ဝင်ရောက်မှုတို့ကို ကာကွယ်ပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့ကြောင်း၊ ယခုရင်းငြိမ်ချောင်းအောက်ပိုင်း လယ်မြေဧက ၁၀၀၀၀ ရေကြီး နစ်မြုပ်မှုက သက်သာစေရန်၊ နွေရာသီမှာ သီးနှံများ စိုက်ပျိုးရေ အထောက်အကူရနိုင်ရန် ကတိုက်ရေလှောင်တမံကို ဆက်လက်တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ကတိုက်ရေလှောင်တမံသည် တမံအလျား၅၂၀၀နှင့် တမံအမြင့်၁၃၄ ပေရှိကြောင်း၊ ကတိုက်ချောင်းက စီးဆင်းသည့် ရေဧကပေငါးသောင်း ခြောက်ထောင်ကို သိုလှောင်ထားနိုင်အောင် တည်ဆောက်ထားကြောင်း။

ကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်

ယခုရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ်၇၀၁၂သန်းကျော် အကုန်အကျခံပြီး စက်အား၊ နည်းပညာအားများနှင့် ဒေသခံတောင်သူများ၏ အကျိုးစီးပွား ခံစားရအောင် ပြည်တွင်းက ကိုယ်ပိုင်စွမ်းအားဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ဒေသခံပြည်သူများအနေနှင့် ယခင်က မိုးကာလလယ်မြေများ ရေကြီး၊ ရေလွှမ်းလို့ သီးနှံစိုက်ပျိုးရေးတွင် မိမိတို့စွမ်းအားရှိသလောက် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခြေအနေက သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်ရှိသည့် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုမည့် ထိုရေလှောင်တမံသည် သားစဉ်မြေးဆက် အကျိုးခံစားသွားနိုင်အောင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေဝေရေလဲဒေသ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် ကူညီစောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား မွန်ပြည်နယ် ပေါင်မြို့နယ်မှ ဦးရဲကျော်ယျက ကတိုက်ရေလှောင်တမံကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများနှင့် ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် ကတိုက် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဧည့်သည်တော်များက ကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေလှောင်တမံဖွင့်ပွဲ အထိမ်းအမှတ် မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်၍ ကတိုက်ရေလှောင်တမံစီမံကိန်းကို ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးတို့သည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းအမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကတိုက်ရေလှောင်တမံ၏ ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေထိန်းမြောင်း၊ ဆည်ရေသိုလှောင်ရရှိမှု ရေပိုလွှဲနှင့် ရေလှောင်တမံရေဝေ ရေလဲဒေသ ရေလှောင်တမံအနီး တစ်ဝိုက်တွင် ရော်ဘာစိုက်ခင်းနှင့် သီဟိုဠ်သရက် စိုက်ခင်း စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ဒေသခံပြည်သူများ ကလည်း ဖွင့်လှစ်ပေးလိုက်သည့်ကတိုက်ရေလှောင်တမံကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်တွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆) ညွှန်ကြားရေးမှူး ဦးလှဘော်က ကတိုက်ရေလှောင်တမံ တည်ဆောက်ခဲ့မှု လုပ်ငန်းအဆင့်ဆင့်နှင့်ဆည်ရေသောက်စနစ်တည်ဆောက်နေမှုတို့အား မှတ်တမ်းတင်ထားမှုကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် ဝန်ကြီးက ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆) မှ ဝန်ထမ်းများနှင့်ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဆည်ရေပေးဝေရေး ကိစ္စရပ်များ မှာကြားကာ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကတိုက်ရေလှောင်တမံသည် ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး၌ တည်ဆောက်ထားပြီး ရေဆင်းဧရိယာ (၈) စတုရန်းမိုင်ရှိကာ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေ ဧကပေ၅၉၀၀၀ ရှိသည့် ကတိုက်ချောင်းပေါ်တွင် တည်ဆောက်ထားသည်။ မြေသားတမံ အမြင့်မှာ ၁၃၄ ပေရှိပြီး တမံအလျားမှာ ပေ ၅၂၀၀ ရှိသည်။ ကန်ရေပြည့်သိုလှောင် ပမာဏမှာ ဧက ပေ၅၆၀၀၀ ဖြစ်သည်။

ရေထုတ်ပြွန်သည်အလျားပေ ၆၅၀ ရှိကာ ၄ ပေ x ၆ပေ အရွယ် အစား ရေထုတ်ပြွန်နှစ်ပေါက် ပါရှိသည်။ ရေထုတ်ပြွန်တွင် ၅၀၀ ကီလိုဝပ်ရေအားလျှပ်စစ်ပေးနိုင်ရန်သံမဏိပိုက်တပ်ဆင်ထားသည်။ ရေပိုလွှဲသည် အကျယ်ပေ ၆၀၊ အလျားပေ ၈၁၀ ရှိကာ ဆည်ရေပေးဝေနိုင်သည့် ဧကမှာ၁၀၀၀၀ ဖြစ်သည့်အပြင် ရင်းငြိမ်ချောင်းအောက်ပိုင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ်အနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုး ကြက်ဆူ ဧက တစ်သိန်း စိုက်ပျိုးခဲ့၊ ၂၀၀၇–၂၀၀၈ ခုနှစ်တွင် ဧကနှစ်သိန်း၊ ၂၀၀၈–၂၀၀၉ ခုနှစ်၌ ဧက နှစ်သိန်း စုစုပေါင်း ဧက ငါးသိန်း စိုက်ပျိုးသွားမည်၊ ငရုတ်ကောင်း သီးနှံကိုလည်း မွန်ပြည်နယ်၏ ရေမြေရာသီဥတု အခြေအနေနှင့် ကိုက်ညီသည့် သီးနှံဖြစ်သဖြင့် ရှေးယခင်ကတည်းက မိရိုးဖလာ ကျယ်ကျယ် ပြန့်ပြန့် စိုက်ခဲ့သဖြင့် ယခုအခါတွင် ငရုတ်ကောင်းပြည်နယ်အဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှိ။

လမ်းပန်းတွေချောမွေ့၊ စီးပွားတွေပြည့်ပြီး ရေရမှာသေချာလို့ နွေစပါး၊ မိုးစပါး၊ ရေတော်၊ မိုးတော်နဲ့ သီးထပ်ကေတွေတိုး ကတိုက်ရေလှောင်တမံ၏ အသီးအပွင့်များ ခံစားရတော့မှာမို့ မွန်ပြည်နယ်မှ ဒေသခံပြည်သူများ ဝမ်းမြောက်ဝမ်းသာပီတိဝေဖြိုး

သတင်းဆောင်းပါး - ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

တောင်ပေါ်လယ်ယာဒေသကို ရေမရမှာ မပူရဘဲ စိတ်ချလက်ချ စိုက်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်။
အသက်(၇၂)နှစ်ရှိပြီဖြစ်သော ကတိုက်ကျေးရွာ ခြံဥယျာဉ်လုပ်သား ဦးပုလု

ရန်ကုန် မေ ၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က မွန်ပြည်နယ် ပေါင်မြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ကတိုက်ရေလှောင်တမံသို့ မြန်မာ့အလင်းသတင်းအဖွဲ့မှ သွားရောက်လေ့လာ မှတ်တမ်းတင်ခဲ့ပါသည်။

ရေရှားတဲ့ဒုက္ခ

ရှေးဦးစွာ ကတိုက်ကျေးရွာမှ အသက်(၇၂)နှစ်ရှိသော ဦးပုလုအား တွေ့ဆုံမေးမြန်းရာဦးပုလုက "ကျွန်တော်က ကတိုက်ကျေးရွာဇာတိချက်မြှုပ်ပါ။ အလုပ်အကိုင်က ခြံဥယျာဉ်စိုက်ပျိုးပါတယ်၊ ကျွန်တော်၏ သက်တမ်း (၇၂)နှစ်မှာ ယခုလို ရေလှောင်တမံ

ယခင်က ဒီဒေသမှာ နွေစပါးစိုက်ပျိုးမှုမရှိခဲ့ပါ။ အခုဒီရေလှောင်ဆည်ကြီးကြောင့် နွေစပါးကေ တစ်သောင်းပေါ်ထွက်လာမှာ ဖြစ်ပါတယ်။
ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းမြ

စီမံကိန်းကြီး အောင်မြင်စွာ ပြီးစီးသွားတာတွေ့ရတဲ့အတွက် ကျွန်တော့်သက်တမ်းတစ်လျှောက်အဖို့ ဝမ်းသာလှပါကြောင်း၊ ကတိုက်ကျေးရွာဒေသမှာ ယခင်က မိုးအခါမှာ မိုးကောင်းလို့ ရေတွေကြီးပြီး လယ်တွေရေမြုပ်တဲ့ဒုက္ခတွေ့ရပါတယ်၊ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပျက်စီးရပါတယ်၊ နွေရောက်ပြန်တော့ အဲဒီရေတွေဟာ ပျောက်ပြီး ရေရှားတဲ့ဒုက္ခတွေ့ရကြောင်း။

ကျေးဇူးအထူးတင်

အခုတော့ ရေလှောင်တမံကြီး တည်ဆောက်ပြီးတော့ တောင်ပေါ်လယ်ယာဒေသဖြစ်တဲ့အတွက် စိုက်ပျိုးရေးကို စိတ်ချလက်ချစိုက်ပျိုးနိုင်ကြတော့မှာဖြစ်ပါတယ်၊ တစ်ချိန်တုန်းက ဒီရွာတွေမှာ စိုက်ပျိုးရေးမအောင်မြင်တာ၊ အခုလိုဆည်ကြီးတည်ဆောက်ပေးခြင်းကြောင့် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ကြတော့မှာဖြစ်ကြောင်း၊ ရေလှောင်တမံကြီးပြီးစီးတာကို တွေ့ရတဲ့ ကျေးရွာသူ ကျေးရွာသားများအားလုံး ဝမ်းသာနေကြရပါတယ်၊ စပါးသီးနှံများ စိုက်ပျိုးကြရာမှာ ရေဟာ အဓိက အရေးကြီးပါကြောင်း၊ နိုင်ငံတော်က ဆည်ဆောက်ပြီး ရေပေးတော့မှာဖြစ်တဲ့အတွက် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးကြမှာဖြစ်ကြောင်း၊ ယခင်က နွေစပါးမစိုက်နိုင်ကြပါ၊ ရေမရတော့ မစိုက်နိုင်ကြတာ အခုတော့ ရေရဖို့ သေချာတဲ့အတွက် နွေစပါး၊ မိုးစပါး စိုက်နိုင်ကြတော့မှာဖြစ်လို့ မွန်ပြည်နယ် ပေါင်မြို့နယ်မှာ စိုက်ပျိုးမြေတွေ တိုးချဲ့စိုက်တာတို့၊ ဒေသအတွက်လမ်းများ ဖောက်ထားပြီဖြစ်လို့လဲ လမ်းပန်းဆက်သွယ်ရေး ချောမွေ့နေပြီဖြစ်တာကြောင့် ယခုလိုဆောင်ရွက်ပေးတဲ့ နိုင်ငံ့အကြီးအကဲများကို ပြောမပြနိုင်အောင် ကျေးဇူးအထူးတင်ပါကြောင်း"ဟု ပြောကြားသည်။

ဆည်ကြီးတည်ဆောက်လို့၊ လမ်းတွေကောင်းလာလို့ လမ်းမလျှောက်ရတော့ဘဲ ဘုတ်ဘုတ် (ထော်လာဂျီ)နဲ့သက်သောင့်သက်သာသွားရတာဖြစ်လို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။
မော်လမြိုင်နည်းပညာတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မခင်လင်းကြည်

အရှိန်ယူ

၎င်းနောက် ကတိုက်ကျေးရွာမှ အသက် ၅၇နှစ်ရှိပြီဖြစ်သော ကျေးရွာတောင်သူကြီး ဦးလုစိန်က "မိမိတို့ဒေသမှာ ယခင်က နွေရောက်လျှင် ရေကိုချောင်းတွင်သွား၍ တန်းစီခပ်ကြရကြောင်း၊ အခုတော့ ဆည်ကြီးတည်ဆောက်ပြီး ဆည်ကြီးမဖွင့်မီကပင် ရေကိုမြောင်းများမှ တစ်ဆင့်ရေလွှတ်ပေးတာကြောင့် အားကြီး ဝမ်းသာပါကြောင်း၊ စပါးစိုက်ပျိုးဖို့ဆိုတာ ရေဟာ အရေးကြီးတာကြောင့် အခုလိုဆည်ကြီးက ရေပေးတော့မှာ သေချာတော့ စပါးစိုက်ပျိုးရေးမှာ အင်တိုက်အားတိုက် ဆောင်ရွက်ကြမှာဖြစ်ပါတယ်၊ မိုးစပါးရော နွေစပါးပါ စိုက်ပျိုးကြဖို့အရှိန်ယူနေကြပါပြီ၊ ဒီလိုဆောင်ရွက်ပေးတဲ့ နိုင်ငံခေါင်းဆောင်များအား ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဝမ်းသာအားရ

ဆက်လက်၍ ကတိုက်ကျေးရွာမှ တောင်သူတစ်ဦးဖြစ်သော ဦးပန်းမောင်အား တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်က ခြံဥယျာဉ်စိုက်ပျိုးပါတယ်၊ ဒူးရင်း၊ ကြက်မောက်တို့ စိုက်ကြောင်း။

သွားလာရေး လွယ်ကူလာတော့မှာမို့ စီးပွားရေးလဲ ကောင်းလာမှာဖြစ်လို့ ဝမ်းသာပီတိဖြစ်ရပါတယ်။
တောင်ထန်းနှင့် ဝါးစိုက်ပျိုးသည့် ခြံလုပ်သား ဦးပန်းမောင်

ခြံစိုက်ပျိုးရာတွင် ရေသည် အရေးကြီးတာကြောင့် သီးနှံစိုက်ပျိုးရေးအတွက် ရေရတော့မှာဖြစ်လို့ ခြံလုပ်ငန်းသာမက လယ်ယာစပါးစိုက်ပျိုးရေးကိုပါ တိုးချဲ့လုပ်ကြမှာဖြစ်ကြောင်း၊ ရေလှောင်တမံတည်ဆောက်ခြင်းမလုပ်နိုင်မီ တောရှင်းတာတို့ သွားလာရေးလမ်းများဖောက်ကြတာတွေကြောင့် သွားလာရေးလွယ်ကူပါတယ်၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူတာနှင့် စိုက်ပျိုးရေးမှ ထွက်သော သစ်သီးသီးနှံများ ရောင်းချရတာ လွယ်ကူခြင်းကြောင့် စီးပွားရေးလဲ ကောင်းလာတာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် အဆင်ပြေသွားကြောင်း၊ နိုင်ငံတော်က ဒီလို တောရွာကလေးကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတဲ့အတွက် ဝမ်းသာအားရ ပီတိဖြစ်ရပါကြောင်း၊ နိုင်ငံ့အကြီးအကဲများကိုလဲ များစွာ ကျေးဇူးတင်ပါတယ်"ဟုမြန်မာ့အလင်းသို့ ပြောကြားသည်။

အဆင်ပြေ

ဆက်လက်၍ ကတိုက်ကျေးရွာသူတစ်ဦးအား မေးမြန်းရာတွင် "ကျွန်မက မခင်လင်းကြည် ဖြစ်ပါတယ်၊ ကတိုက်ကျေးရွာမှာနေပြီး မော်လမြိုင်တက္ကသိုလ်မှာ ပညာသင်နေပါတယ်၊ ဒုတိယနှစ် မော်လမြိုင်နည်းပညာတက္ကသိုလ်မှာ တက်နေပါတယ်၊ ကတိုက်ဆည်ကြီး တည်ဆောက်ဖို့ တောင်စောင်းများရှင်းပြီး လမ်းများဖောက်တဲ့အတွက် သွားလာရေးခရီး လမ်းပန်းဆက်သွယ်မှု ချောမောပြေပြစ်ပါတယ်၊ အရင်တုန်းက လမ်းမကြီးရောက်အောင် လမ်းလျှောက်ရတာကနေ အခုတော့ဘုတ်ဘုတ် (ထော်လာဂျီ)နှင့် သွားရတာကြောင့် သက်သောင့်သက်သာနှင့် သွားလာရေးလွယ်ကူပါကြောင်း၊ ဒါကြောင့် ကတိုက်ဆည်ကြီး တည်ဆောက်တာ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ အဆင်ပြေပြီဖြစ်ပါတယ်"ဟု ပြောကြားသည်။

ကလေးများပညာရေး

မြန်မာ့အလင်းအဖွဲ့သည် အဆင်သင့်တွေ့ရသော တက္ကသိုလ်ဝင်တန်းကျောင်းသူ မအေးအေးမြင့်ပါ၊ ယခုနှစ် တက္ကသိုလ်ဝင်တန်း ဖြေထားပါတယ်၊ လမ်းများ မဖောက်မီက နံနက်စောစောထပြီး လမ်းလျှောက်သွားကြရပါတယ်၊ ကျောင်းစောစောသွားကြရကြောင်း၊ နံနက်မိုးလင်းတာနှင့် ကျောင်းသွားကြရတယ်၊ အခုတော့ လမ်းကကောင်းသွားပြီဖြစ်လို့ စာသင်ရတာ အဆင်ပြေကြောင်း၊ အလယ်တန်းက ကတွန်ကျေးရွာမှာ နေရပါတယ်၊ မကြာမီ အလယ်တန်းရှိပါတော့မယ်၊ အခုလို လမ်းပန်းဆက် သွယ်ရေးလွယ်ကူတာကြောင့် နောက်ပိုင်းမှာ ရွာမှာရှိတဲ့ ကျေးရွာမှ ကလေးများပညာရေး အတွက် အဆင်ပြေတော့မှာဖြစ်လို့ အားရဝမ်းသာဖြစ်ရပါကြောင်း၊ ဒါဟာ နိုင်ငံတော်ကို ကျေးဇူးတင်ပါကြောင်း" ပြောကြားသည်။

စာသင်ကျောင်းသွားဖို့ မနက်အစောကြီး လမ်းထလျှောက်သွားစရာမလို တော့လို့ ဝမ်းသာကျေနပ် ကျေးဇူးတင်ပါတယ်။
စပါးစိုက်လယ်သူ တက္ကသိုလ်ဝင်တန်းကျောင်းသူ မအေးအေးမြင့်

ပေါ်ထွန်းလာ

ကတိုက်ရေလှောင်တမံ ဖွင့်ပွဲအတွက် လာရောက်စီစဉ်နေသော ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမြအား တွေ့ဆုံမေးမြန်းရာတွင် "ကတိုက်ဆည်ကြီး တည်ဆောက်ပေးသည့်အတွက် စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ထူးခြားမှုကိုတင်ပြလိုကြောင်း၊ ဆည်ကြီးပြီးသွားသောအချိန်တွင် နွေစပါးအတွက် ကေတစ်သောင်းပေါ်ထွန်းလာဖို့ရှိကြောင်း၊ ယခင်ဒီဒေသတွေမှာ နွေစပါးစိုက်ပျိုးမှု မရှိသေးကြောင်း၊ ကေ တစ်သောင်းမှာ ပေါင်မြို့နယ်က ကေ နှစ်ထောင်ကျော်၊ သထုံမြို့နယ်က ကေ ရှစ်ထောင်လောက် ပေါ်ထွန်းလာမှာ ဖြစ်ကြောင်း။

ရေကိုချောင်းမှာ တန်းစီစောင့်ဆိုင်းခပ်စရာ မလိုတော့လို့ အထူး ကျေးဇူးတင်ပါတယ်။
ကြက်မောက်၊ ဒူးရင်း စားသီးပင်များ စိုက်ပျိုးသော ခြံဥယျာဉ်လုပ်သား ဦးလုစိန်

စိုက်ပျိုးနိုင်

သထုံမြို့နယ်တွင် ရေတော်မိုးတော် စိုက်ကြသည့် ကေမှာ ၃၈၈၅ ကေရှိပါကြောင်း၊ ရေကြီးကွင်းမှာ ၃၉၂၆ ကေရှိပြီး စုစုပေါင်း ၇၈၁၁ ကေဖြစ်ကြောင်း၊ ဆည်ပြီးသွားသောအချိန်မှာ ရေကြီး ကွင်းမရှိတော့တာကြောင့် ၇၈၁၁ ကေသည် ရေတော် မိုးတော် အဖြစ် စိုက်ပျိုးနိုင်မှာဖြစ်ကြောင်း။

ပေါင်မြို့နယ်အနေဖြင့် တင်ပြရလျှင် ၁၆၃၁ ကေရှိကြောင်း၊ ရေတော်မိုးတော်က ၁၅၉ ကေရှိကြောင်း၊ ရေကြီးကွင်းက ၁၄၇၆ ကေရှိကြောင်း၊ ဆည်ပြီးသည့်အခါ ရေကြီးကွင်း မရှိတော့တာ၍ စုစုပေါင်း ၁၆၃၁ ကေသည် ရေတော်မိုးတော် ဖြစ်သွားပါတယ်၊ အဲဒါတွေဟာ ထူးခြားလာတဲ့ ကေဖြစ်ပါကြောင်း၊ ဒီအပြင် ဒီဆည်ကြီးပြီးတဲ့အခါမှာလဲ ထပ်မံပြီးစုစုပေါင်း ရေတော်မိုးတော် စိုက်ကေ ၁၆၃၁ ကေ အပြင် ယခင်က စိုက်လို့ပျိုးလို့မရတဲ့ ၅၈၈ ကေဟာ ရေတော်မိုးတော်ဖြစ်လာမှာဖြစ်လို့ ၂၁၈၉ ကေမှာ မိုးစပါးကို အချိန်မီစိုက်ပျိုးနိုင်မှာ ဖြစ်ကြောင်း ပြောပြသည်။

ဝင်ငွေတိုး

ထို့အပြင် အရင်က သီးထပ်အပြင် ကေ ၈၀၀ လောက် စိုက်တဲ့နေရာမှာ ဆည်ပြီးသွားတဲ့နောက်ပိုင်းမှာ သီးထပ်က ကေ ၁၁၀၀ တိုးတက်လာမှာဖြစ်ကြောင်း၊ ၂၉၆ ကေတိုးလာသလိုဖြစ်ကြောင်း၊ အားလုံးခြုံငုံတင်ပြရမယ်ဆိုပါက ပေါင်မြို့နယ်ဟာ အရင်က မိုးစပါးကေနှင့် ဥယျာဉ်ခြံမြေစိုက်ပျိုးရေးကေ ၆၈၂၆ ကေရှိကြောင်း၊ ယခုဆည်ပြီးတဲ့ နောက်ပိုင်းမှာ စုစုပေါင်း ၇၁၂၂ ကေအထိ ရေတော်မိုးတော်နှင့် သီးထပ်ကေတွေ တိုးတက်လာမှာ ဖြစ်ကြောင်း၊ တောင်သူလယ်သမားတွေအဖို့ မိုးစပါးသာမကနွေစပါးပါတိုးပြီး ကေနှစ်ထောင်ကျော် တိုးစိုက်နိုင်မှာဖြစ်၍ တောင်သူလယ်သမားများအတွက် စီးပွားရေးဝင်ငွေ အထိုက်အလျောက် တိုးလာမှာဖြစ်ကြောင်း။

မှန်းဆထား

ကတိုက်ဆည်ကို အမှီပြုပြီး စိုက်ပျိုးရသော ကျေးရွာပေါင်း သုံးရွာရှိပါကြောင်း၊အင်းချောင်းကျေးရွာ၊ ကျောက်ရေတွင်းကျေးရွာ၊ ကတိုက်ကျေးရွာဆိုပြီး ရှိကြောင်း၊ ရေကြီးကွင်း မရှိတော့ဘဲ မိုးအခါမှာ နှစ်ကြိမ်နှင့် နွေစပါးပါ စိုက်ပျိုးမည်ဖြစ်၍ သုံးထပ်စိုက်ပျိုးနိုင်မှာဖြစ်၍ဝင်ငွေသုံးဆလောက်တိုးလာမှာဖြစ်တယ်လို့ မှန်းဆထားပါကြောင်းဖြင့် မြန်မာ့အလင်းသို့ ပြောကြားလိုက်သည်။ ။

(မြန်မာ့အလင်း)



ကတိုက်ရေလှောင်တမံ၏ ရေပိုလွှဲမြောင်းကို ဤသို့ တည်ဆောက်ထားသည်။

၂၀၃၀ ပြည့်နှစ်၌ ကမ္ဘာ့ရေနံလိုအပ်မှု ၅၅ ရာခိုင်နှုန်း မြင့်မားလာမည်

ကူဝိတ်စီးတီး မေ ၁

လာမည့် ၂၀၃၀ ပြည့်နှစ်ကုန်တွင် ကမ္ဘာ့ရေနံလိုအပ်မှုသည် ၅၅ ရာခိုင်နှုန်းအထိ တိုးတက်လာမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်ဟု ကူဝိတ်သတင်းဌာန ကူနာကထုတ်ပြန်သော သတင်း၌ဖော်ပြသည်။

ကမ္ဘာ့တစ်ဝန်းတွင် ဂျီဒီပီတိုးတက်မှုမြင့်မားစေရေး ကြိုးစားရာ၌ စွမ်းအင်သုံးစွဲမှုသည် လိုအပ်လာမည် ဖြစ်ကြောင်း ကူဝိတ် ရေနံကော်ပိုရေးရှင်း(ကေပီစီ)၏ စီမံကိန်းမန်နေဂျာ နာဘီလ်ဘူရစ်လီက ပြောကြားသည်။

ပြောကြား

ထိုသို့ အခြေအနေတွင် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသသည် ရေနံအရန်သိုလှောင်ထားနိုင်မှုနှင့် ထုတ်လုပ်မှုတို့၌ ကမ္ဘာ့ရေနံဈေးကွက်အပေါ် လွှမ်းမိုးလာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကူဝိတ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် တစ်နေ့လျှင် ရေနံစည်ပေါင်း သုံးသန်းထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် နေ့စဉ် ရေနံစည် ၃ ဒသမ ၅ သန်း ထုတ်လုပ်ကာ ၂၀၂၀ ပြည့်နှစ်၌ ရေနံစည်ပေါင်း လေးသန်း ထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆေးလိပ်မသောက်ရေး တားမြစ်ချက် အိုင်ယာလန်မြောက်ပိုင်း၌ စတင်

လန်ဒန် မေ ၁

အိုင်ယာလန် မြောက်ပိုင်းတွင် ဆေးလိပ်မသောက်ရန် တားမြစ်ချက်ကြောင့် အဖျော်ယမကာနှင့် စားသောက်ဆိုင်များတွင် စီးကရက်များ သောက်နိုင်တော့မည် မဟုတ်ကြောင်း သိရသည်။

သေဆုံးနေ

အိုင်ယာလန် မြောက်ပိုင်းတွင် စီးကရက်သောက်ခြင်းကြောင့် နှစ်စဉ် လူ ၃၀၀၀ သေဆုံးပြီး၊ စီးကရက်မသောက်သော်လည်း စီးကရက်မီးခိုးရှူရှိုက်မိသူများမှာလည်း ၁၅ ရက်လျှင် တစ်ဦးကျ သေဆုံးနေသည်ဆိုသည်။

တားမြစ်ပြဋ္ဌာန်းမည်

အိုင်ယာလန်သမ္မတနိုင်ငံ၊ စကော့တလန်နှင့် ဝေလပြည်နယ်များတွင် ဆေးလိပ်မသောက်ရန် တားမြစ်ပိတ်ပင်ပြီး ဖြစ်သည်။ **(ဝဲပုံ)** အင်္ဂလန်တွင်မူ ဇူလိုင် ၁ ရက်မှစ၍ ဆေးလိပ်မသောက်ရန် တားမြစ်ပြဋ္ဌာန်းမည်ဟု သိရသည်။ **(အင်တာနက်)**

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့အနောက်ဘက် သဲကန္တာရတစ်ခု၌ ကျင်းပသည့် အလှဆုံးကုလားအုတ်ပြပွဲကို မေ ၁ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေနှင့်ကျူးဘား ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မည်

ဟာရာရေး မေ ၁

ဇင်ဘာဘွေနှင့် ကျူးဘားနိုင်ငံတို့သည် နှစ်နိုင်ငံကျန်းမာရေးကဏ္ဍတွင် အစီအစဉ်အသစ်များဖြင့် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကျူးဘားသံတမန်တစ်ဦးက ဧပြီ ၂၉ ရက်၌ ပြောကြားသည်။

နှစ်နိုင်ငံရှိ ဆရာဝန်များ အပြန်အလှန် လေ့ကျင့်ရေး သင်တန်းများပေးခြင်းနှင့် လူငယ်အမျိုးသား၊ အမျိုးသမီးများကိုလည်း အပြန်အလှန်စေလွှတ်ကာ ဆက်ဆံရေး တိုးတက်အောင် လုပ်ဆောင်ခြင်းအပြင် သင်တန်းပေးမှုများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇင်ဘာဘွေဆိုင်ရာ ကျူးဘားသံတမန် တောရက်စ်အီစပင်နိုဇာက ပြောကြားသည်။

ယခုကဲ့သို့ သင်တန်းများပေးခြင်းဖြင့် ဆေးရုံများတွင် လက်တွေ့ ကုသမှုပြုသည့်အခါ အသိပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ ပိုမိုရရှိစေမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်ဟု ဇင်ဘာဘွေသတင်းဌာန ဇက်ဘီစီက သတင်းထုတ်ပြန်သည်။

ဇင်ဘာဘွေနိုင်ငံမှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူ ပါမောက္ခနှစ်ဦးကလည်း ယခုကဲ့သို့ ကျန်းမာရေး သင်တန်းတွင် ပို့ချရန် အဆင်သင့်ဖြစ်နေပြီ ဖြစ်ကြောင်း၊ ဆရာဝန်အရေအတွက် တိုးတက်လာနေသော မိမိတို့နိုင်ငံ၌ ယခုကဲ့သို့ သင်တန်းများက အထောက်အကူများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း အီစပင်နိုဇာက ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယ ကျေးလက်ပြည်သူတစ်သိန်းကျော် နေရောင်ခြည်မှ လျှပ်စစ်မီးရတော့မည်

နယူးဒေလီ မေ ၁

အိန္ဒိယနိုင်ငံရှိ ကျေးလက်ပြည်သူ တစ်သိန်းကျော်တို့သည် နေအိမ်များတွင် နေရောင်ခြည်စွမ်းအင်သုံးစနစ်များ ဝယ်ယူနိုင်ရေး ချေးငွေများ ရရှိတော့မည်ဖြစ်ကြောင်း၊ ယင်းချေးငွေစီမံကိန်းအတွက် လိုအပ်သည့်ငွေကြေးကို ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်က ဒေါ်လာ ၁ ဒသမ ၅ သန်း ပေးခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ (အင်တာနက်)

လခြမ်းနီဝန်ထမ်းငါးဦး ဘဂ္ဂဒက်၌သေဆုံး

ဘဂ္ဂဒက် မေ ၁

ဘဂ္ဂဒက်တောင်ပိုင်းတွင် ဧပြီ ၂၈ ရက်က လခြမ်းနီကြက်ခြေနီ ဝန်ထမ်းငါးဦးသည် ဘဂ္ဂဒက်တောင်ပိုင်း၌ သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသွားကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

အင်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ တာလီဘန် ၁၃၆ ဦးသေဆုံး

ကဘူးလ် မေ ၁

အာဖဂန်နစ္စတန်နိုင်ငံ ဟီရက်ပြည်နယ်အနောက်ပိုင်း၌ နေတိုးတပ်များနှင့် အာဖဂန်တပ်များက ဧပြီ ၂၉ ရက်တွင် ၁၄ နာရီကြာ တာလီဘန်များအား တိုက်ခိုက်ခဲ့ရာ တာလီဘန်တိုက်ခိုက်ရေးသမား ၁၃၆ ဦး သေဆုံးခဲ့ကြောင်း ဧပြီ ၃၀ ရက်က အင်တာနက်တွင် သတင်းဖော်ပြသည်။

(အင်တာနက်)

ဧပြီလတွင် ကန်တပ်ဖွဲ့ဝင် ၁၀၀ ကျော်သေဆုံးခဲ့

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ၌ ဧပြီ ၂၉ ရက်က အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသည် တိုက်ခိုက်ခံရပြီး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

အသေအပျောက်အများဆုံး

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များမှာ ဘဂ္ဂဒက်အရှေ့ပိုင်း၌ လမ်းဘေးဗုံးတိုက်ခိုက်မှုတွင် သုံးဦး၊ အန်ဘာပြည်နယ်၌ နှစ်ဦးဖြစ်ကြောင်း၊ ယခုနှစ် ဧပြီလတွင် အမေရိကန်တပ်ဖွဲ့ဝင် အီရတ်၌သေဆုံးမှုမှာ ၁၀၀ ကျော်ရှိရာ ၂၀၀၃ ခုနှစ်မှစ၍ အသေအပျောက် အများဆုံးလဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဖိလစ်ပိုင် အလှမယ်

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပသည့် ၂၀၀၇ ခုနှစ် အလှမယ်ပြိုင်ပွဲတွင် ရွေးချယ်ခံရသူ အလှမယ်တစ်ဦးကို ဧပြီ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ အရပ်သားခြောက်ဦး သေဆုံးမှု အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြ

ကဘူးလ် မေ ၁

အမေရိကန်ဦးဆောင်သည့်တပ်များ ဂျာလာလာဘတ် မြို့တော်အနီးစီးနင်းတိုက်ခိုက်မှုတွင် လူခြောက်ဦးသေဆုံးပြီးနောက် ထောင်ပေါင်းများစွာသော ပြည်သူတို့သည် ဧပြီ ၂၉ ရက်က ကန့်ကွက်ဆန္ဒပြကြသည်။

သယ်ဆောင်လာ

ဆန္ဒပြသမားများက အမေရိကန် ကျဆုံးပါစေဟု ကြွေးကြော်ချီတက်လာကြပြီး သေဆုံးသူများ၏ အလောင်းများကိုလည်း သယ်ဆောင်လာကြသည်။

ပိတ်ဆို့

ထို့အပြင် လမ်းများပေါ်တွင် သစ်ပင်များ ခုတ်လှဲချထားကာ လမ်းကိုပိတ်ဆို့လိုက်ကြသည်။ တာဝန်ရှိသူများကို အပြစ်ပေးအရေးယူပြီး ဖမ်းထားသည့် ရွာသားများကို ပြန်လွှတ်မပေးမခြင်း သွေးများလိမ်းကျံနေသည့် အလောင်းများကို မြှုပ်နှံခြင်းမပြုရန် ဆုံးဖြတ်ထားသည်ဟု ဆိုသည်။

ပြောကြား

အမျိုးသမီးသုံးဦး အပါအဝင် သေဆုံးသူခြောက်ဦးမှာ အရပ်သားများ ဖြစ်ကြောင်း နန်ဂါဟာပြည်နယ်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဂါဖားက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့၌ကစားမည့် ဖာဒီနန်

လန်ဒန် မေ ၁

မန်ယူအသင်းကို ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားများ ရယူရန် လက်တစ်ကမ်း အကွာသို့ ပို့ဆောင်ပေးထားသူများတွင် နောက်တန်းခံစစ်မှူး ဖာဒီနန်လည်း အဓိကကျသော ကစားသမားတစ်ဦးဖြစ်သည်။

ဗြိတိန်တွင်မွေး

ဖာဒီနန်ကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ပက်ခမ်အရပ်၌ ၁၉၇၈ ခုနှစ် နိုဝင်ဘာ ၇ ရက်က မွေးဖွားခဲ့ရာ ယခုအချိန်တွင် အသက် (၂၈)နှစ် ရှိပြီ ဖြစ်သည်။ ဖာဒီနန်သည် အသက် (၂၀)အရွယ်မှ စတင်ကာ အင်္ဂလန်အသင်း လက်ရွေးစင်ဖြစ်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလတွင် လိဒ်ယူနိုက်တက်အသင်းက ပေါင်ငွေ ၁၈ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စိတ်ဝင်စား

၂၀၀၀ ပြည့်နှစ်က ဖာဒီနန်၏ ပြောင်းရွှေ့ကြေးသည် ထိုအချိန်က နောက်တန်းကစားသမားတစ်ဦးအတွက် အမြင့်မားဆုံး ဈေးနှုန်းပင် ဖြစ်သည်။ လိဒ်ယူနိုက်တက်၌ ဖာဒီနန်သည် နံပါတ် ၂၉ ဂျာစီအင်္ကျီကို ဝတ်ဆင်ကစားခဲ့သလို နောက်တန်းဗဟိုခံစစ်မှူးနေရာ၌ အမှားအယွင်းနည်းစွာ၊ အဖြတ်အတောက်၊ အဟန့်အတားကောင်းစွာ ကစားနိုင်ခဲ့မှုကြောင့် ဖာဒီနန်ကို ဥရောပကလပ် ဘောလုံးအသင်းကြီးများက စိတ်ဝင်စားခဲ့ကြသည်။

ခြေစွမ်းပြ

၂၀၀၀-၂၀၀၁ဘောလုံးရာသီတွင် လိဒ်ယူနိုက်တက်အသင်းအား ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ရောက်အောင် ဖာဒီနန် ပို့ဆောင်ပေးနိုင်ခဲ့သည်။ ထို့အတူ ထိုနှစ်က အင်္ဂလန်နှင့် စပိန်တို့ ချစ်ကြည်ရေး ခြေစမ်းပွဲ၌ အင်္ဂလန်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲတွင်လည်း ဖာဒီနန်က ထူးချွန်စွာ ခြေစွမ်းပြနိုင်ခဲ့သည်။

မန်ယူသို့

ထိုသို့ နောက်တန်းခံစစ်ကြောင်းကို လုံအောင်ကစားနိုင်သော ဖာဒီနန်ကို ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့က အပြိုင် ကမ်းလှမ်းခဲ့သော်လည်း ငြင်းပယ်ကာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီ၌ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့သဖြင့် မန်ယူက ပြောင်းရွှေ့ကြေး ပေါင်ငွေ ၃၃သန်းပေးကာ ငါးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူခဲ့သည်။

ကစားပေးနိုင်ခဲ့

ဖာဒီနန်သည် လိဒ်ယူနိုက်တက်အတွက် ၇၃ ပွဲ ကစားပေးခဲ့ပြီး သုံးဂိုးသွင်းပေးနိုင်ခဲ့သည်။ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် မန်ယူ၌ ဖာဒီနန် စတင်ကစားခဲ့သည့်နှစ်မှာပင် မန်ယူအတွက် စုစုပေါင်း ၄၄ ပွဲ ကစားပေးနိုင်ခဲ့ပြီး ထိုနှစ်က မန်ယူတို့ ပရီမီယာလိဂ်ဖလား ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ လျော့ရဲအားနည်းနေသော မန်ယူခံစစ်ကြောင်းကို တောင့်တင်းခိုင်မာအောင်လည်း ကစားပေးနိုင်ခဲ့သည်။

၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် အာဆင်နယ်နှင့် ကစားသည့်ပွဲအပြီး ဆေးစစ်ရာ၌ မူးယစ်ဆေးဝါးသုံးစွဲမှု တွေ့ရှိရသဖြင့် ဘောလုံးကစားခွင့် ရှစ်လပိတ်ပင်ခြင်း ခံခဲ့ရသည်။ ထိုနှစ်က မန်ယူအတွက် ပရီမီယာလိဂ် ၁၉ပွဲ၊ အက်ဖ်အေတစ်ပွဲနှင့် ချန်ပီယံလိဂ် ခြောက်ပွဲသာ ကစားပေးနိုင်ခဲ့သည်။ ထိုနှစ်က မန်ယူလည်း ပရီမီယာလိဂ် ဖလား လက်လွှတ်ခဲ့ရပြီး တတိယသာ ချိတ်နိုင်ခဲ့လေသည်။

တစ်ပတ် ပေါင်တစ်သိန်း

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် မန်ယူအတွက် ပရီမီယာလိဂ်ပွဲပေါင်း ၃၇ပွဲ ကစားနိုင်ခဲ့ပြီး ဖာဒီနန် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုနှစ်တွင် မန်ယူက ဖာဒီနန်အား သီတင်းတစ်ပတ်လျှင် လုပ်ခလစာ ပေါင်ငွေ တစ်သိန်း ပေးခဲ့သည်။

ဒဏ်ရာရရှိ

ယခုအခါ မစ်ဒယ်ဘရော့ကို လေးဂိုး-တစ်ဂိုးဖြင့် မန်ယူတို့ အနိုင်ရရှိခဲ့သည့်ပွဲ၌ ဖာဒီနန် ခြေထောက်ဒဏ်ရာ ရရှိခဲ့ရာ မန်ယူ၏ အရေးကြီးသော ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်၌ ပါဝင်ကစားနိုင်ခြင်း မရှိချေ။ သို့သော် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်၌မူ ဖာဒီနန် ပြန်လည်ကစားနိုင်မည် ဖြစ်သည်။

ခံစစ်အားကောင်း

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ပရီမီယာလိဂ်တွင် ဖာဒီနန်သည် ၃၂ပွဲ ကစားထားပြီး တစ်ဂိုးသွင်းယူပေးနိုင်ကာ ပရီမီယာလိဂ်ဖလား ရယူရန် အနီးကပ်ဆုံး အနေအထားသို့ ပို့ဆောင်ထားပြီဖြစ်သည်။ ချန်ပီယံလိဂ်တွင်လည်း အကြိုဗိုလ်လုပွဲ ဒုတိယအကျော့၌ ပါဝင်ကစားမည်ဖြစ်ရာ မန်ယူခံစစ်ကြောင်း အားကောင်းသွားမည် ဖြစ်သည်။

ဖာဒီနန်၏ ပံ့ပိုးမှုဖြင့် ယခုနှစ်၌ မန်ယူတို့ ဖလားသုံးလုံး အိပ်မက်ကို အကောင်အထည်ဖော်နိုင်မှု ရှိမရှိကို စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

မန်ယူနောက်ခံလူ ဖာဒီနန်။
(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **ချယ်လ်ဆီးအသင်းနှင့် မန်ချက်စတာယူနိုက်တက်တို့ မေ ၁၉ရက်တွင် ဝင်ဘာလေကွင်း၌ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလား ဗိုလ်လုပွဲအတွက် ရဲတပ်ဖွဲ့ဝင် ၁၀၀၀ခန့် တာဝန်ချထားမည်ဖြစ်ကြောင်း သိရသည်။**

* ဧပြီ ၂၉ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်လာလီဂါတွင် ဘာစီလိုနာက လီဗာတေးအသင်းကို တစ်ဂိုး-ဂိုးမရှိသာ အနိုင်ရခဲ့သဖြင့် နည်းပြရီကတ်က ၎င်းအသင်းအနေဖြင့် ဖလားပြန်လည်ရယူကာကွယ်နိုင်ရေးအတွက် ထိပ်တန်း အသင်းများဖြစ်သည့် ဆီဗီလာနှင့် ရီးရဲမက်ဒရစ်တို့ ရမှတ်များကပ်နေ၍ စိုးရိမ်ပူပန်မိကြောင်း ပြောကြားလိုက်သည်။

* **ရီးရဲမက်ဒရစ်အသင်းသည် ဧပြီ ၂၉ရက်က ဘီလ်ဘာအိုနှင့် ကစားရာ၌ ဒေးဗစ်ဘက်ခမ်း အဝါကတ်ရခဲ့ခြင်းကို အယူခံရဖွယ်ရှိကြောင်း ၎င်းကလပ်က ပြောကြားသည်။**

* အာဆင်နယ်အသင်းကို လူငယ်များဖြင့် ဖွဲ့စည်းလျက် လာမည့်ရာသီတွင် အောင်မြင်သော အသင်းဖြစ်လာစေရန် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း နည်းပြဝင်းဂါးက ပြောကြားလိုက်သည်။ **(အင်တာနက်)**

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ။
(ဓာတ်ပုံ-အင်တာနက်)

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားအတွက် ဖီဖာက ကြိုတင်စီစဉ်မှုများပြုလုပ်

ကိတ်တောင်း မေ ၁

တောင်အာဖရိကနိုင်ငံသည် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်မည့် အခြေအနေမရှိသဖြင့် ကမ္ဘာ့ဘောလုံး အုပ်ချုပ်မှုအဖွဲ့(ဖီဖာ)က အရေးပေါ် အစီအစဉ်များ စီစဉ်ထားကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားလိုက်သည်။

အားနည်း

တောင်အာဖရိကနိုင်ငံသည် အဆိုပါ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြင်ဆင်မှုများ နှေးကွေးနေကြောင်း၊ အထူးသဖြင့် ကွင်းသစ်များ တည်ဆောက်နေမှုမှာ အသင့်အနေအထားရှိနေလိမ့်မည့် အခြေအနေ အားနည်းနေကြောင်း ဘလတ္တာက ပြောကြားသည်။

ပြုပြင်တည်ဆောက်

တောင်အာဖရိကနိုင်ငံသည် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ကွင်းသစ် ၁၀ကွင်း ပြုပြင်တည်ဆောက်လျက်ရှိသည်။

အကယ်၍ အဆိုပါကွင်းများ အချိန်မီမပြီးလျှင် အခြားနိုင်ငံများသို့ ပြိုင်ပွဲများ ပြောင်းရွှေ့ကျင်းပရဖွယ် ရှိကြောင်းလည်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ဘောလ်တန်အသင်း မန်နေဂျာသစ် လက်ထောက်နည်းပြ ဆမ်မီလီဖြစ်လာ

လန်ဒန် မေ ၁

ဆမ်မီလီအား ဘောလ်တန်အသင်း၏ မန်နေဂျာအဖြစ် ရွေးချယ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

လွှဲပြောင်း

အသက် ၄၈နှစ်ရှိ လီသည် ဧပြီ ၂၉ရက်က နည်းပြ ဆမ်အယ်လ်လာဒိုက်စ်နုတ်ထွက်သွားပြီးနောက် ဘောလ်တန်အသင်း၏ နည်းပြရာထူးကို လွှဲပြောင်းရယူခဲ့သည်။

လမ်းဖွင့်

မိမိအနေဖြင့် အလားအလာရှိသော ဘောလ်တန်အသင်း မန်နေဂျာဖြစ်ရသည်ကို ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ နည်းပြအယ်လ်လာဒိုက်စ် နုတ်ထွက်သွားပြီးနောက် မိမိ၏ အနာဂတ်အတွက် လမ်းပွင့်သွားကြောင်း ဆမ်မီလီက ပြောကြားသည်။ လီသည် ၂၀၀၅ခုနှစ် ဇွန်လကတည်းက ဘောလ်တန်အသင်း၏ လက်ထောက်နည်းပြခဲ့သူဖြစ်သည်။ လီသည် လီဗာပူး၊ အင်္ဂလန်နှင့် ဘောလ်တန်တို့တွင် အောင်မြင်သော နည်းပြအလုပ်ကို လုပ်ကိုင်ခဲ့သူဖြစ်သည်။

မိမိ၏ဘောလ်တန်အသင်းကို ဥရောပတွင် အောင်မြင်သောအသင်း တစ်သင်းဖြစ်လာစေရန် အစွမ်းကုန် ကြိုးစားသွားမည်ဖြစ်ကြောင်း မန်နေဂျာသစ် လီကပြောကြားသည်။ **(အင်တာနက်)**

ဘောလ်တန်နည်းပြသစ်အဖြစ် ဆမ်မီလီအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

ဂိုးသမား ဘားသက်ဇ် နန့်စ်အသင်းမှ နုတ်ထွက်

ပါရီ မေ ၁

ပြင်သစ်ဂိုးသမားဟောင်း ဖာဘီရင်ဘားသက်ဇ်က ၎င်းအနေဖြင့် နန့်စ်အသင်းနှင့် ရိန်းစ် အသင်းတို့ ဧပြီ ၂၉ ရက်က ယှဉ်ပြိုင်ကစားသည့်ပွဲ၌ နန့်စ်က ရိန်းစ်အသင်းကို ရှုံးခဲ့၍ ပရိသတ်တစ်ဦးက တိုက်ခိုက်မှုပြုလုပ်သဖြင့် နန့်စ်အသင်းတွင် ပါဝင်ကစားတော့မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။

ရှုံးနိမ့်

ထိုနေ့က နန့်စ်အသင်းသည် အိမ်ကွင်း၌ ရိန်းစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ရောက်ရှိ

ယခုအခါ နန့်စ်အသင်းသည် ပြင်သစ်ပထမတန်း အမှတ်ပေးဇယားအောက်ခြေ၌ ရောက်ရှိနေသည်။

ပြောကြား

မိမိအား ဘောလုံးရှုံးနိမ့်ခဲ့မှုအပေါ် ပရိသတ်က တိုက်ခိုက်မှုပြုလုပ်လာ၍ နန့်စ်အသင်းတွင် ပြန်ကစားတော့မည်မဟုတ်ကြောင်း အသက် ၃၅ နှစ်ရှိ မန်ယူကစားသမားဟောင်း ဘားသက်ဇ်က ပြောကြားသည်။

ဘားသက်ဇ်
ပြင်သစ်လက်ရွေးစင်ဂိုးသမားဟောင်း ဖာဘီရင်ဘားသက်ဇ်။
(ဓာတ်ပုံ-အင်တာနက်)

ခြေဖြင့်ကန်ကြောက်

ဘားသက်ဇ်၏ကားကို ဧပြီ ၂၉ရက်က ပြိုင်ပွဲအပြီး ကွင်းအတွင်းမှ မထွက်ခွာမီ အုပ်စုတစ်စုက ခြေဖြင့်ကန်ကြောက်ခဲ့ကြောင်း၊ ကားတံခါးကို ဆွဲဖွင့်ရန် ကြိုးစားခဲ့ကြောင်း ဘားသက်ဇ်က ပြောကြားသည်။

(အင်တာနက်)

ပထမအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကလေးတရားပွဲ

‘သစ်ဆန်းကြားနာ၊ စင်ကြယ်စွာသား’ ယုံမှားပယ်တတ်၊ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာ အကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာကြားနာရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန်စိတ်ရည်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ပထမအကြိမ် ကလေးတရားပွဲကို တစ်ဖက်ပါအတိုင်း ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရားဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
ပထမကျော် ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက	၁၃၆၉ ခု ကဆုန်လပြည့်ကျော် ၃ ရက်မှ ၄ ရက် ကြာသပတေးနေ့နှင့် သောကြာနေ့ (၃-၅-၂၀၀၇)မှ (၄-၅-၂၀၀၇)အထိ

တရားပွဲ အစီအစဉ်

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်နေရာ	ကျင်းပမည့်အချိန်
၁၃၆၉ ခု၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့မှ ၄ ရက်နေ့အထိ ၂၀၀၇ခုနှစ် မေလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ	မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။	ညစဉ် ၇း၀၀ နာရီ

တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ဆံတော်ဦး အောင်စေတီ ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု အောင်စေတီကျေးရွာတွင် အောင်စေတီသာသနာ့ရိပ်သာ ဦးစီးပဓာန နာယက မဟာစည်ဆရာတော် ဘဒ္ဒန္တဇဝနက ကမကထပြု၍ တည်ထားကိုးကွယ်ခဲ့သော ဆံတော်ဦး အောင်စေတီ ရွှေသင်္ကန်းကပ်လှူပွဲနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ငါးမွေးမြူရေးတာဝန်ခံအရာရှိ ဗိုလ်မှူးသက်လှိုင်နှင့် ဇနီး ဒေါ်မွန်မွန်ချိုမိသားစုတို့ လှူဒါန်းပူဇော်သော ရွှေထီးတော်သစ်တင်လှူပူဇော်ပွဲကို ဧပြီ ၃၀ ရက်နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်၌ ကျင်းပသည်။

သီလဆောက်တည်

ရှေးဦးစွာ နံနက် ၇ နာရီတွင် အောင်စေတီသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇဝနနှင့် ဆရာတော် သံဃာတော်များထံမှ ထီးတော် အလှူရှင် မိသားစုနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပဓာန နာယကဆရာတော် ဦးဆောင်၍ ထီးတော်အလှူရှင် မိသားစုများနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ထီးတော်ကြီးအား ဘုံအဆင့်လိုက် ပင့်ဆောင်ပြီး**(အပေါ်ယာပုံ)** စေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ကြပြီး မင်္ဂလာအချိန်တွင် ပန်းရထားဖြင့် စေတီတော်အထွတ်သို့ ဘုံအဆင့်လိုက် ပင့်ဆောင်တင်လှူပူဇော်ကြသည်။

လှူဒါန်းမှုအစုစု

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် ထီးတော်အလှူရှင် မိသားစုများနှင့်အလှူရှင်များ၊ ဧည့်ပရိတ်သတ်များက ပဓာန နာယကဆရာတော် ဘဒ္ဒန္တဇဝနထံမှ အနုမောဒနာတရား နာကြားကာ လှူဒါန်းမှုအစုစုတို့အား အမျှအတန်းပေးဝေကြကြောင်း သိရသည်။

(က-ပ)

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံ ပညာအလယ်တန်းကျောင်း (ယခင် မင်းမနိုင် အလယ်တန်းကျောင်း) ကျောင်းခန်းမတွင် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

အလက(၂)ဒဂုံ ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း (ယခင် မင်းမနိုင်အစိုးရအလယ်တန်းကျောင်း) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြတ်ဆရာပူဇော်ပွဲဥက္ကဋ္ဌ မိဘရိပ်ကုမ္ပဏီလီမိတက် မိဘရိပ်သစ်စက် အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အကန်တော့ခံ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကန်တော့ငွေများအား ပေးအပ်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ဆရာကြီး ဆရာမကြီးများအား ကန်တော့ကြပြီး အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေ၊ ဆရာကြီး ဦးလှရွှေ၊ ဦးကြည်လွင်၊ ဆရာမကြီး ဒေါ်ခင်တိုးမြင့်တို့က ဆုံးမသြဝါဒ စကားပြောကြားကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

၁၈ ကြိမ်မြောက် အထူးတရားပွဲ

ရန်ကုန် မေ ၁

ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် မေ ၅ ရက် (စနေနေ့)တွင် ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ၊ မေ ၆ ရက် (တနင်္ဂနွေနေ့)တွင် ချမ်းမြေ့ရိပ်သာ (ရန်ကုန်) ဆရာတော် အရှင်သောဘိတ၊ မေ ၇ ရက် (တနင်္လာနေ့)တွင် (၁၁)ဘွဲ့ရ ကျိုက်ထိုဆရာတော်အရှင်နန္ဒောဘာသာဘိဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဟု သိရသည်။ **(၃၅၂)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ကင်ဆာရောဂါကိုဟန့်တားနိုင်သည့် မျိုးဗီဇဆဲလ်

လန်ဒန် မေ ၁

အချို့သောလူများတွင် အဘယ်ကြောင့် ကင်ဆာရောဂါဖြစ်ပွားမှု တဖြည်းဖြည်းလျော့ကျသက်သာသွားသည်ကို ရှာဖွေဖော်ထုတ်ရန် အချက်အား ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တွေ့ရှိ

လူအချို့တွင်ရှိနေသော မျိုးဗီဇဆဲလ်အချို့သည် ကင်ဆာဆဲလ်များကို ပင်ကိုသဘာဝအရ တိုက်ခိုက်ဟန့်တားနိုင်ကြကြောင်း၊ အထူးသဖြင့် အဆုတ်ကင်ဆာကဲ့သို့သော ကင်ဆာရောဂါများကို ပိုမိုကြီးထွားမလာရန်နှင့် တဖြည်းဖြည်း ဖျက်ဆီးပစ်နိုင်ကြကြောင်း သုတေသနပညာရှင်များက တွေ့ရှိထားသည်။

ပြောကြား

လက်ရှိအနေအထားထက် ပိုမိုလျင်မြန်စွာ ကင်ဆာဆဲလ်များကို ဟန့်တားတိုက်ခိုက်နိုင်လျှင် ကင်ဆာရောဂါဖြစ်ပွားမှု ယခုထက် လျော့ကျနိုင်မည်ဖြစ်ကြောင်း ဗြိတိန် သုတေသနပညာရှင် ဒေါက်တာသောမတ်ဖရစ်ဘတ်က ပြောကြားသည်။

အဆိုပါဆဲလ်မှာ လူခန္ဓာကိုယ်အတွင်းရှိသော CYP1 B 1 မျိုးဗီဇဆဲလ်ဖြစ်ပြီး ခန္ဓာကိုယ်အတွင်း၌ ၁၀ ရာခိုင်နှုန်းခန့်ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**



ကဆုန်လပြည့် ဗုဒ္ဓနေ့က နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဝင်းအတွင်းရှိ မဟာဗောဓိ ညောင်ပင်တွင် ဒုတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်း ပွဲတော်ကျင်းပစဉ်။

(က-ပ)

အထူးတရားပွဲ

ရန်ကုန် မေ ၁

သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက်ရှိ မဟာမဇ္ဈိမာရုံ ပရိယတ္တိ စာသင်တိုက်အတွင်း ရွှေဥရတနာ ရွှေကျောင်းတော်၌ အာယုဒါနအလှူတော်အထူးတရား ပွဲများကျင်းပမည်ဖြစ်ရာ မေ ၅ ရက်တွင် တိပိဋကဓရ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ ၆ရက်တွင် ဓမ္မဒူတဆရာတော်ဒေါက်တာ အရှင်ပညိဿရ၊ ၇ ရက်တွင် ကျောက်တလုံးတောရဆရာတော် ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ၊ ၈ရက်တွင် မဇ္ဈိမဂုဏ်ရှည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ၉ရက်တွင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရတို့က ညစဉ်၇နာရီ၌တရားရေအေးတိုက်ကျွေးမည်ဖြစ်သည်။ **(က-ပ)**

ငွေရတုမင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ **ဦးကြည်သိန်း** နှင့် ချစ်မေမေ **ဒေါ်လှလှဝင်း** တို့၏ ၂-၅-၂၀၀၇ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှစ၍ ရွှေရတု၊ စိန်ရတု၊ ရတုများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး - မီမီကြည်သိန်း
ချစ်သားကြီး - ဒီအောင်
ချစ်သားငယ် - သော်ဇင်သစ်။

ကျော်မျိုးလွင်(ခ)အဗ္ဗဒူလ်ရဟင်းနှင့်အများသိစေရန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ သန္တာလမ်း၊ အမှတ်(၄/၁)နေ ဦးလှမြင့်၏သမီး၊ ဟဗ်ဆွာဘီ(ခ) ဖြိုးဖြိုးဝေ ၃/မဝတ(နိုင်)၀၀၇၂၅၁သည် မြဝတီမြို့၊ ဗိုလ်ချုပ်လမ်း၊ (မြမွန်ကဖီး)နေ ဦးဟာတင်၏သား အဗ္ဗဒူလ်ရဟင်း(ခ) ကျော်မျိုးလွင် ၃/ကကရ(နိုင်)၀၅၉၈၀၁အား ဆက်လက်ပေါင်းသင်းရန်မဖြစ်နိုင်တော့သဖြင့် အစ္စလာမ်ဓမ္မသတ်ခုံရုံးချုပ်သို့ တင်ပြအစစ်ဆေးခံပြီး ဓမ္မသတ်မှူးချုပ်၏ခွင့်ပြုချက်အရ မိမိကိုယ်မိမိ တွလာကေ့ဗာအင်န် တစ်ကြိမ်အတည်ပြုကာ အဗ္ဗဒူလ်ရဟင်း (ခ)ကျော်မျိုးလွင်အား ခင်ပွန်းအဖြစ်မှကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာခဲ့ပြီး အစ္စလာမ်ဓမ္မသတ်ခုံရုံးမှ ၁၆-၂-၂၀၀၆ ရက်စွဲဖြင့် ၎င်းတို့ဇနီးမောင်နှံသည် အစ္စလာမ်တရားဥပဒေအရ ကွာရှင်းမှုအထမြောက်ပြီး လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ကြောင်း ဓမ္မသတ်ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါ ဓမ္မသတ်ဆုံးဖြတ်ချက်အရ ဟဗ်ဆွာဘီ(ခ)ဖြိုးဖြိုးဝေနှင့် အဗ္ဗဒူလ်ရဟင်း(ခ)ကျော်မျိုးလွင်တို့သည် ၁၆-၂-၂၀၀၆ရက်မှစ၍ လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်စပ်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဟဗ်ဆွာဘီ(ခ)ဖြိုးဖြိုးဝေ ၃/မဝတ(နိုင်)၀၀၇၂၅၁

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ထွန်း(ဥပဒေတွဲ့)တရားရုံးချုပ်ရှေ့နေ
အိမ်-အမှတ် ၃၀၊ ငါးလွှာ၊ ၁၃၄လမ်း၊ မအူကုန်း။
ရုံး-အမှတ် ၅၀၊ E-၁၀၊ ဘဏ်လမ်း၊ ကျောက်တံတား၊ ဖုန်း-၂၉၃၃၁၀၊ ၀၉-၅၁ ၇၁၇၉၂။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၉)ရပ်ကွက်၊ မေ့မေတ္တာဆန်စက်လမ်းနေ ဦးလှအောင်(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)-ဒေါ်ခင်နု(ကျောင်းအုပ်ဆရာမကြီး၊ အမက-၉)တို့၏သားကြီး

ဗိုလ်ကြီးကျော်မျိုးအောင် B.E (EP) D.S.T.A

နှင့်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းနေ ဦးမောင်လှ-ဒေါ်ကျင်သိန်း(ဝါးခနိ-ကုန်သည်)တို့၏သမီး

မသူဇာမောင်(ခ)မီးငယ် B.A (Geography)

တို့၏ ၂၈-၄-၂၀၀၇ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ သတို့သမီးဝတ်စုံဖန်တီးပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မိတ်ကပ်ဆံပင်အလှ ဖန်တီးပေးသော မိတ်ကပ်အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ ဗီဒီယိုရိုက်ကူးပေးသော နဝရတ်ဗီဒီယို၊ ဓာတ်ပုံ ကိုတင်နိုင်ဝင်း၊ မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ရပ်နီးရပ်ဝေးမှ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးကျော်မျိုးအောင်-မသူဇာမောင်(ခ)မီးငယ်။

ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲ

- ပထမအကြိမ် မြန်မာ့သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန်ပြပွဲ၊ ဆွေးနွေးပွဲနှင့် သစ်သီးဝလံပြိုင်ပွဲကို ၂၀၀၇ခုနှစ် မေလ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါမည်။
  မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
- သရက်၊ သခွားမွှေး၊ ဖရဲ၊ ငှက်ပျော၊ မာလကာ၊ နာနတ်၊ ပိန္နဲ၊ ကြက်သွန်နီ၊ သဘော်အသီးအနှံများကို မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။
- အသီးပါအပင်အတွက် ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်းနှင့်
- အသီးအနှံများအတွက် ပထမဆု ကျပ်ခုနစ်သောင်း၊ ဒုတိယဆု ကျပ်ငါးသောင်း၊ တတိယဆု ကျပ်သုံးသောင်းတို့ကို သီးနှံတစ်မျိုးခြင်းအလိုက် ချီးမြှင့်မည်ဖြစ်ပါသည်။
- မြန်မာနိုင်ငံအနှံ့ထွက်ရှိသော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်မျိုးစုံကို ခင်းကျင်းပြသထားမည်ဖြစ်ပါသည်။
- ဟောပြော၊ ဆွေးနွေးပွဲများကိုလည်း ပါဝင်မည်ဖြစ်ပါ၍ စိတ်ဝင်စားသူများအားလုံး အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။
- ပြပွဲ၊ ပြိုင်ပွဲ၊ ဆွေးနွေးပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- ဖုန်း - ၀၁-၇၀၃၇၅၄၊ ၀၁-၅၁၄၂၂၆

မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း။

Sky Lion Trading Co., Ltd.

BannerStore Super Market အတွက် **Supplier** နှင့် နေရာငှားရမ်းမည့်ဆိုင်များခေါ်ယူခြင်း

Sky Lion Trading Co., Ltd မှ မကြာမီ ဖွင့်လှစ်မည့် **BannerStore Super Market** သည် သမားရိုးကျမဟုတ်ဘဲ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဖွင့်လှစ်မည့် ထူးခြားသော **Super Market** ဖြစ်ပါသည်။ ဝယ်ယူသူများအတွက် စိတ်ဝင်စားဖွယ် ထူးခြားသော အစီအစဉ်များရှိပါသည်။ အရည်အသွေးမြင့် ကုန်ပစ္စည်းမျိုးစုံကိုလည်း တင်သွင်းရောင်းချမည်ဖြစ်ပြီး ဝယ်ယူသူများအတွက် လိုအပ်ချက်များ အားလုံးကို တစ်နေရာတည်းတွင် ချိုသာသော ဈေးနှုန်းဖြင့် စိတ်ကြိုက်ရွေးချယ် ဝယ်ယူရရှိနိုင်ပါသည်။ လာရောက် ဝယ်ယူသော စားသုံးသူများအတွက် ဝယ်ယူသုံးစွဲလေလေ ဈေးနှုန်းပိုမိုသက်သာစေမည့် အခွင့်အလမ်းများရှိပါသည်။ **Sky Lion Trading Co., Ltd** ၏ အဖွဲ့ဝင်ကိုယ်စားလှယ်များအတွက် မိတ်ဆွေများပိုမိုရရှိပြီး မိမိ၏ကွန်ရက်ကို ကြီးမားအောင် အထောက်အကူပြုမည့် အခွင့်အလမ်းကောင်းများရှိပါသည်။

အဆိုပါ **Super Market** တွင် အောက်ဖော်ပြပါ ကုန်ပစ္စည်းများကို အကျိုးတူပူးပေါင်းလိုပါ၍ သက်ဆိုင်ရာကုမ္ပဏီများ ပိုင်ရှင်များအနေဖြင့် ဆက်သွယ်ဆောင်ရွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Supplier များ

၁။ စားသောက်ကုန်ပစ္စည်းများ
၂။ မီးဖိုချောင်သုံးပစ္စည်းများ
၃။ လူသုံးကုန်ပစ္စည်းများ
၄။ ကလေးအသုံးအဆောင်ပစ္စည်းများ
၅။ အိမ်သုံးပစ္စည်းများ
၆။ စာရေးကိရိယာမျိုးစုံ
၇။ ကျန်းမာရေးဓာတ်စာ
၈။ လျှပ်စစ်ပစ္စည်းများ

နေရာငှားရမ်းမည့်ဆိုင်များ

၁။ အလှကုန်ပစ္စည်းများ
၂။ ဖန်စီပစ္စည်းများ
၃။ ဓာတ်ပုံဆိုင်
၄။ မိတ္တူဆိုင်

ဆက်သွယ်ရန် ⟶ ဒေါ်မိုးသီတာအောင်
Sky Lion Trading Co., Ltd. အမှတ် (၅၂၀-အေ)၊ ၄-အေ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၅၉၇၂၁၊ ၅၅၉၇၂၂၊ ၅၅၉၇၂၃၊ ၅၅၉၇၂၄၊ ၅၅၉၇၂၅၊ ဖက်စ်- လိုင်းခွဲ (၆၀၉)

အခြားပြည်နယ်၊တိုင်း ဒေသအသီးသီးနည်းတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့နေသည့် ကျိုင်းတုံ

စာရေးသူကျိုင်းတုံမြို့ ရောက်သည့်အခိုက် ဆိုင်ကယ်တစ်စီးဖြင့် မြို့တွင်းလှည့်လည် လေ့လာမိခဲ့သည်။ ထို့အတူ ကျိုင်းတုံမြို့နှင့် ဆက်သွယ်သည့် အနီးစပ်ဆုံး ကျေးရွာများသို့လည်း သုံးရက်တစ်ကြိမ် ကွင်းဆင်းလေ့လာခဲ့ပါသည်။

ထို့အတူ ကျန်းမာရေးအတွက် ဆေးစစ်ခံရင်း ကျိုင်းတုံ ခုတင် ၂၀၀ဆံ့ဆေးရုံကြီးသို့လည်း ကွင်းဆင်းလေ့လာခွင့် ရခဲ့ပါသည်။ ထို့အပြင် ကျိုင်းတုံမြို့တွင်းရှိ လမ်းသစ်ဖွင့်ပွဲများသို့လည်း ဖိတ်ကြားသည့်အတွက် ကျွန်တော်တက်ရောက် လေ့လာခွင့်ရခဲ့ပါ၏။

စာရေးသူ တက်ရောက်လေ့လာခဲ့သည့် လမ်းသစ်ဖွင့်ပွဲ အခမ်းအနားစာရင်းကိုလည်း ကျွန်တော့် မှတ်စုစာအုပ်တွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

* (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် ဖွင့်လှစ်သည့် ၃၁-၁၂-၂၀၀၅ ရက် ကျိုင်းတုံ-နောင်ကုန်ကွန်ကရစ် တံတားသစ်ဖွင့်ပွဲ။
* (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ၂၀၀၆ခုနှစ် ပြည်နယ် အထွေထွေရောဂါကု ဆေးရုံကြီးသွား ကတ္တရာလမ်းသစ်ဖွင့်ပွဲ။
* ၂၆-၃-၂၀၀၆ ရက် ယန်းလော စံပြကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ။
* ၂၅-၄-၂၀၀၆ ရက်ဖွင့်လှစ်သည့်ကျိုင်းတုံမြို့ပတ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ။
* ကျိုင်းတုံမြို့နယ် ဟွေခါး-ဝမ်ပေါင်ကတ္တရာလမ်းသစ် ဖွင့်ပွဲကိုလည်း ၁၄-၈-၂၀၀၆ ရက်တွင် ကျင်းပခဲ့သည်။
* (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသည့် အနေဖြင့် ၂၇-၁၂-၂၀၀၆ ရက် ကျင်းပသည့် ကျိုင်းတုံမြို့နယ် ကတ္တရာလမ်းသစ်ဖွင့်ပွဲ။
* နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ ကြိုဆိုသည့်အနေဖြင့် ကျိုင်းတုံမြို့ဝင် ဆိုင်းဘုတ်ဖွင့်ပွဲ။
* ကျိုင်းတုံမြို့ ရပ်ကွက် (၃) ချယ်ရီလမ်းသစ်ဖွင့်ပွဲ။
* ကျိုင်းတုံမြို့တွင် အရှည်ပေ ၁၉၅၀ ရှိ ကတ္တရာလမ်းသစ်နှင့် တံတား သစ်ဖွင့်ပွဲကို ၂၄-၃-၂၀၀၇ ရက်က ကျင်းပခဲ့သည်။

စာရေးသူသည် ကျိုင်းတုံမြို့တွင်း ကတ္တရာလမ်းသစ် ဖွင့်ပွဲ များသို့ အများအားဖြင့် တက်ရောက်ဖြစ်ခဲ့ပါ၏။ သွားရေးလာရေး ဆက်သွယ်ရေးတွေ ကောင်းသွားပြီဆိုလျှင် စိတ်ထဲဝယ် အလိုလိုနေရင်း ကြည်နူးရပါ၏။ ဝမ်းမြောက်ရပါ၏။ စာသံ၊ ပေသံနှင့်ရေးရလျှင် "မုဒိတာ" ပွားရပါ၏။ "မြို့"ဟု သတ်မှတ်လျှင် မြို့အင်္ဂါနှင့် ညီညွတ်ရေးအတွက် မြို့တွင်းလမ်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်အောင် သက်ဆိုင်ရာ ဒေသအာဏာပိုင်တို့၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာတို့က အကောင်အထည်ဖော်ကြပါ၏။

ထို့အပြင် လမ်းတစ်လမ်း (ကတ္တရာလမ်း) ဖြစ်ပေါ်ရေးအတွက်ဆို "ရွှေ"ကဲ့သို့ တန်ဖိုးကြီးလှသည့် ကတ္တရာပစ္စည်းရရှိရေးသည်လည်း အမှန်လိုအပ်ပါ၏။ တန်ဖိုးကြီးလှသည့် ကတ္တရာကိုလည်း တာဝန်ရှိသူများက ကူညီပံ့ပိုးပေးခဲ့ပါ၏။

စိုင်းသိန်း (ကျိုင်းတုံ)

စာရေးသူလေ့လာ၍ သိရှိရသည်မှာ ကောက်ကော့(၁)လမ်းအတွက် ကတ္တရာသုံးတန်၊ ကျိုင်းငန်း (၁)လမ်းအတွက် ငါးတန်၊ ပါလို့(၂)လမ်းအတွက် ကတ္တရာ ၃ ဒသမ တန် ၇၀၊ မြရတနာလမ်းအတွက် ကတ္တရာ ၃ ဒသမ ၃၉ တန်၊ ခွာညိုလမ်းအတွက် ကတ္တရာလေးတန်၊ ချယ်ရီလမ်းအတွက် ကတ္တရာ ၃ ဒသမ ၅၂၄ တန်၊ နောင်ကျောက်လမ်းအတွက် ကတ္တရာ ၆ ဒသမ ၂၇၈ တန်၊ ကျေးလက်လမ်းများအတွက်မူ ယန်းလော စံပြကျေးရွာ အဝင်လမ်းအတွက် ကတ္တရာ ၁၅ ဒသမ ၄၃ တန်၊ ဟွေခါး-ဝမ်ပေါင် ကျေးရွာလမ်းအတွက် ကတ္တရာ ၁၅ တန် စသည်ဖြင့် မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်ပေါ်လွင်ပါစေဟူသော ဆန္ဒမှန်ဖြင့် ဒေသတာဝန်ရှိသူတို့က ကူညီပံ့ပိုးခဲ့ခြင်း ဖြစ်ပါ၏။

အထူးသဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း(၁၀) လမ်းနှင့် ကျေးလက်လမ်းနှစ်လမ်းကို ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး လိုအပ်သည့် ကတ္တရာတန်ချိန် ၅၉ တန်ကျော်ရှိခဲ့ကြောင်း စုံစမ်းသိရှိရပါ၏။

ထို့အပြင် ကျေးလက်ရွာများသို့ ရောက်သည့်အခါမှာလည်း ပြည်သူများ၏ ကျန်းမာရေးကို အထောက်အကူပြုသည့် ရေလောင်းအိမ်သာ ဆောက်လုပ်အသုံးပြုမှုများကိုလည်း မြင်တွေ့ခဲ့ရပါ၏။

ပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ယင်လုံအိမ်သာဆောက်လုပ် အသုံးပြုရေးသည် အထူးလိုအပ်ပါ၏။ နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောဆိုချက်အရဆိုလျှင် တစ်နိုင်ငံလုံး ယင်လုံအိမ်သာ ၁ ဒသမ ၁ သန်း ဆောက်လုပ်အသုံးပြုရန် နှီးဆော်ထားကြောင်း သိရှိရပါ၏။

ဤတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၏ ယင်လုံအိမ်သာ လွှမ်းခြုံနိုင်မှုရာခိုင်နှုန်းမှာ ၇၂ ရာခိုင်နှုန်းရှိကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောဆိုပါ၏။ မြို့နယ်အလိုက် ယင်လုံအိမ်သာ လွှမ်းခြုံမှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်းဖြစ်သည်ကို တွေ့ရပါသည်။

စဉ်	မြို့နယ်	ယင်လုံအိမ်သာလွှမ်းခြုံမှုရာခိုင်နှုန်း
(က)	ကျိုင်းတုံမြို့နယ်	၇၀ ဒသမ ၄၀ ရာခိုင်နှုန်း
(ခ)	မိုင်းခတ်မြို့နယ်	၅၀ ဒသမ ၁၀ ရာခိုင်နှုန်း
(ဂ)	မိုင်းယန်းမြို့နယ်	၈၄ ဒသမ ၆၀ ရာခိုင်နှုန်း
(ဃ)	မိုင်းဆတ်မြို့နယ်	၉၀ ဒသမ ၄၀ ရာခိုင်နှုန်း
(င)	မိုင်းတုံမြို့နယ်	၃၀ ရာခိုင်နှုန်း
(စ)	မိုင်းပျဉ်းမြို့နယ်	၈၅ ရာခိုင်နှုန်း
(ဆ)	မိုင်းဖြတ်မြို့နယ်	၅၅ ရာခိုင်နှုန်း
(ဇ)	မိုင်းယောင်းမြို့နယ်	၃၂ ရာခိုင်နှုန်း
(ဈ)	တာချီလိတ်မြို့နယ်	၉၀ ရာခိုင်နှုန်း

ကျေးလက်နေပြည်သူများ၏ ယင်လုံအိမ်သာ ရာနှုန်းမြင့်လွှမ်းခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးဌာနအနေဖြင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ကျေးလက်ဒေသအရောက် ကွင်းဆင်းစည်းရုံး ပညာပေးဟောပြောကြကာ ကျေးလက်ပြည်သူများ ယင်လုံအိမ်သာ လွှမ်းခြုံမှုရာနှုန်းပြည့်သည်အထိ တိုးတက်လာစေရေးအတွက် ဆောင်ရွက်နေကြသည်ကို မြင်တွေ့ရပါ၏။ ထို့အပြင် ကျိုင်းတုံမှ ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် ကျိုင်းတုံ-မိုင်းပျဉ်း-တာကော်-လွယ်လင်-တောင်ကြီးလမ်းတွေလည်း ယခင်နှစ်တွေထက် တိုးတက်ကောင်းမွန်နေပါ၏။ ပြည်နယ်ချင်းဆက်လမ်းတွေ ကောင်းပါ၏။

သို့ဖြစ်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့သည် အခြားပြည်နယ်၊ တိုင်း ဒေသအသီးသီးနည်းတူ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ပြီး သွားလမ်းသာ၍ လာလမ်းဖြောင့်လျက် ရှိပါကြောင်းနှင့် ကျန်းမာရေးအဆင့်အတန်းလည်း မြင့်မားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မကွက်သစ်အပိုင်း(၂) ကျောက်ချောလမ်းဆောင်ရွက်ထားမှုကို ဧပြီ ၁၀ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မတ်၂၅ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝန်ထမ်းများ စုပေါင်း ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်းမပေါ်နှင့်

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်ကဆုန်လပြည့်ကျော် ၃ ရက်
၃-၅-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ဓေဂ္ဂသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၅ စာအုပ်စာပေ လူ့မိတ်ဆွေ
(၁) ယုံချင်ယုံ မယုံချင်နေ(ဆဌမတွဲ) (မောင်သိန်းလွင်)
(၂) အတ္တအကျဉ်းသား (မောင်သိန်းဆိုင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကိုယ်ခန္ဓာသန့်ရှင်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့-မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (ယင်းတိုက်ရွက်နှင့် ရေသကျည်းရွက်)

ညနေပိုင်း

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၆း၄၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကဝမြို့နယ် သပြုကျေးရွာက သတ္တုရည်ကျိုလုပ်ငန်း-၂)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ သုတကမ္ဘာ
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) ဘူတာရုံကကြိုနှင့်ပါ (သန်းမြတ်စိုး)
(၂) ကြိုလျက်မောင့်ကို (အေးအေးသွယ်)
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (မြတ်နိုးလိုသလား မွေးမေနှလုံးသား)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) ချစ်လိပ်ပြာလေးချာချာလည် (ခင်ညွှန့်ရီ)
(၂) ချစ်သောသူသာလှများပန်း (မောင်ကြည်တိုး)
(၃) မောင်လူချော(တက္ကသိုလ်လဲ့လဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ယုံတမ်းစကား (မြို့တော်ဝင်းဝင်းမြတ်)
(၂) မောင့်မမပန်းနွယ်(တွံတေးသိန်းတန်)
(၃) ငှက်ကလေးစင်ရော်လိုပင်(ဥမ္မာ)

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လူနာများအတွက် အိမ်တွင်းပြုစုစောင့်ရှောက်ရေးလုပ်ငန်း အသိပေးဆွေးနွေး

မန္တလေး ဧပြီ ၁၈

မန္တလေးတိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၀၇)နှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ လူနာများအတွက် ပြည်သူလူထုအခြေပြု အိမ်တွင်းပြုစုစောင့်ရှောက်ရေး လုပ်ငန်းအသိပေးဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ကျန်းမာရေးဦးစီးအရာရှိများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်

အခမ်းအနားတွင် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းက (၃/၂၀၀၇) လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အထက်မြန်မာပြည် ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းဝင်းက ခုခံအားကျဆင်းမှုကူးစက်ရောဂါ လူနာများအတွက် ပြည်သူလူထုအခြေပြု အိမ်တွင်းပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအကြောင်း ဆွေးနွေးတင်ပြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်မြို့နယ် ဖြူဘ၊ ကတိုက်၊ သဲအိမ် ကျေးရွာချင်းဆက် ကတိုက်တံတားသစ်ဆောက်ရန် ငွေလှူဒါန်း

ပေါင် ဧပြီ ၂၇

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ဖြူဘ၊ ကတိုက်၊သဲအိမ်ကျေးရွာချင်းဆက် အရှည်ပေ ၆၀၊ အကျယ် ၁၅ ပေရှိ မော်တော်ယာဉ်ပါ ဖြတ်သန်းသွားလာနိုင်သော ကျေးရွာပတ်လမ်း ကတိုက်တံတားသစ် ကွန်ကရစ် ကိုယ့်အား ကိုယ်ကိုး တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၆ ရက်က ကတိုက်အလယ်ရွာ တံတားဟောင်းမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေနန်းပင် ဦးဆောင်နာယကဆရာတော် ဘဒ္ဒန္တ အရှင်ဦးသောမနအား အမှူးထား၍ ရန်ကုန်မြို့နေ မြန်မာရွှေမြေခါတ်သတ္တုတူးဖော်ရေးကုမ္ပဏီ လီမိတက်ပိုင်ရှင် ဦးအောင်မြင့်-ဒေါ်သန်းသန်းချို၊ ဒေါ်မိုးမိုးနိုင် မိသားစုတို့က ငွေကျပ်ဆယ်သိန်းနှင့် ပေါင်မြို့နယ် သာသနာ့အကျိုးတော်ဆောင် ဦးပုလုနှင့် ဇနီး ဒေါ်ရင်မေတို့က ငွေကျပ်နှစ်သိန်းတို့ကို မတည်ငွေအဖြစ် လှူဒါန်းရာ ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးထွန်းမြက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ဦးဆောင်နာယက ဆရာတော်၏ လှူဒါန်းငွေကျပ်၁၂၀၀၀၀ အပါအဝင် အလှူငွေကျပ် ၃၅ သိန်းကို ကျေးရွာနေပြည်သူများက စုပေါင်းလှူဒါန်းကြရာ မြို့နယ်ဥက္ကဋ္ဌနှင့် ကျေးရွာဥက္ကဋ္ဌတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ဗုဒ္ဓသာသနံ့စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ကိုယ့်အား ကိုယ်ကိုး တံတားသစ် တည်ဆောက်ရာတွင် ငွေကျပ်သိန်း ၁၂၀ ကုန်ကျမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနား မြင်းမူ၌ကျင်းပ

မြင်းမူ ဧပြီ ၁၈

ကမ္ဘာ့ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသန့်က ဖတ်ကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာဂရက်ချမ်းမှ ပေးပို့သော သဝဏ်လွှာကို လက်ထောက်ဆရာဝန် ဒေါက်တာကျော်ထွန်းဦးက ဖတ်ကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)သာယာဝတီမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ဝန်ထမ်းများစုပေါင်း၍ အရိပ်ရပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဧပြီ ၁၈ ရက်က ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ဖြိုး ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းနှင့် တာဝန်ပေးအပ်ပွဲ ရေတာရှည်၌ကျင်းပ

ရေတာရှည် ဧပြီ ၂၇

၂၀၀၆-၂၀၀၇ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်း နည်းပြသင်တန်းနှင့် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက ရေတာရှည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်မော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းတွင် ပို့ချရမည့် စာစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

လက်ခံ

ထို့နောက် မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က သင်တန်းနည်းပြများအတွက် စာစဉ်များကို ပေးအပ်ရာ လက်ထောက်ပညာရေးမှူး ဦးမြင့်ဦးက လက်ခံရယူသည်။**(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ် ပညာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်ပညာရေးမှူးများ၊ အထက၊ အလက၊ အမကကျောင်းအုပ်များ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာရေးဝန်ထမ်းများ တက်ရောက်ကြသည်။ (၁၄၁)

အမြို့မြို့ အနယ်နယ် သတင်းများ

ဧပြီ ၄ ရက်က မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာတွင် ဦးဝင်းနိုင်၏ ကျေးလက်အိမ်ရာ ဆောက်လုပ်နေမှုကို မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်း၊ လုပ်ငန်းခွင်အင်ဂျင်နီယာနှင့် အငယ်တန်းအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ် ကာကွယ်ရေး ဆိုင်းဘုတ်စိုက်ထူ

မိုးညှင်း ဧပြီ ၁၂

ကချင်ပြည်နယ် မိုးညှင်းမြို့အရှေ့စု ရပ်ကွက် လမ်းဆုံမြင်ကွင်းတွင် နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မတ် ၂၅ရက်က မိုးညှင်းအရန်မီးသတ်တပ်ဖွဲ့နှင့် အရှေ့စုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပါဝင်၍ မီးအထူးသတိပြု ဆိုင်းဘုတ်များ စိုက်ထူကြကြောင်း သိရသည်။ **(၁၅၂)**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ် ၉၆ လှည်းတန်းလမ်းနေ ဦးစိုးမြင့်-ဒေါ်အုန်းလှ၊ သား မောင်မြတ်နိုးဦး မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာ အဖွဲ့ဝင်ဦးအုန်းလှိုင်က လက်ခံယူစဉ်။ (၃၈၀)

မတ် ၁၈ ရက်က ပုသိမ်မြို့ ပဋ္ဌိမာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒကြီးမှူးကျင်းပသော ခြောက်ကြိမ်မြောက် ယဉ်ကျေးမှုစာမေးပွဲ ပထမဆင့် သက်ငယ်၌ ပထမဆု ရရှိသူ ကျောက်ဖြူစာဖြေဌာနမှ မအေးမင်းနန္ဒာငြိမ်းအား ပြည်နယ်ပညာရေးမှူး (ငြိမ်း) ဦးညီလှိုင်က အောင်လက်မှတ်နှင့် ဆုချီးမြှင့်စဉ်။ (က-ပ)

ဘဲ့တံဆိပ်တော်ရ ဆရာတော်ပူဇော်

ဂန့်ဂေါ မေ ၂၈

အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) အဘိဓမ္မပိဋကမဟာဌာန(ပါမောက္ခ) ဘဒ္ဒန္တဥတ္တမအား ချီးကျူးပူဇော် ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၂၆ရက် နံနက် ၉နာရီက ဆရာတော်၏ မွေးဖွားရာဇာတိဖြစ်သည့် ဂန့်ဂေါမြို့နယ် မောက်ကျေးရွာ မင်္ဂလာအေးကျောင်းတိုက်၌ကျင်းပ ကြောင်း သိရသည်။ (၂၇၃)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်တက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် ၁၄/၄၀၁ ငုဝါလမ်း အေးရိပ်မွန်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီး ညိုဝင်းမြင့်(ငြိမ်း)-ဒေါ်ခင်မျိုးသန့်၊ သမီး မမြတ်စန္ဒီညို၊ သား ဗိုလ်လောင်းဝင်းဟိန်းညို၊သမီးငယ် မခင်ပြည့်စုံညို မိသားစုတို့က အလှူငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဇနက(ထီးချိုင့်)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် မေ ၁

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကဝင် နှစ်ကျမ်းမြောက် ဝိဘင်္ဂပါဠိတော်ကျမ်းအတွက် ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်ထံသို့ ဗိုလ်တထောင်မြို့နယ် ၄၇ လမ်း အမှတ် (၁၅၇)နေ ဦးအောင်ဇော်သန့်-ဒေါ်ချောကလျာထွန်း၊ သား မောင်မြတ်ဘုန်းပြည့်၊ သမီး မစုမြတ်အောင်(ခ)ဖူးဖူး၊ ချောကလျာခတ်ပုံတိုက်မိသားစုတို့က ကိုအောင်ဇော်သန့် (၃၄နှစ်ပြည့်) မွေးနေ့အလှူ၊ စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ်(၃၈)နေ ဒေါက်တာချောက်ဒရီ-ဒေါ်သောင်းသောင်းအား ရည်စူး၍ သားသမီး၊ မြေးမြစ်တစ်စု၊ စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ် (၄၄)နေ ဒေါက်တာမေလှနွယ်၊ သား မောင်ကျော်လင်းဟန်၊ ဧးကုန်းမြို့နေ ဦးဖား၊ ဒေါ်စိန်မြ မိဘနှစ်ပါး ဦးထိပ်ထား၍ အစ်မကြီး ဒေါ်တင်ခ၊ အစ်ကို ဦးထွန်းရှိန်၊ ဦးချန်ထွန်း၊ မောင်ဦးစောထွန်းတို့အား ရည်စူးလျက် သုဝဏ္ဏမြို့သစ် ၂၄ ရပ်ကွက် ရေနံ့သာလမ်း သွယ်၄ တိုက်(၁၂၀) အခန်း ၅နေ ဒေါ်ခင်ပု၊ ကျောက်တန်းမြို့နေ အဘိုးဦးဘိုးအောင်-အဘွားဒေါ်အုန်း၊ မိဘ ဦးဘတူ-ဒေါ်မမေ၊ ကြီးကြီး ဒေါ်ခင်ညွန့်၊ အဒေါ် ဒေါ်ငယ်နှင့် အစ်မကြီး ဒေါ်ခင်ခင်သန်းတို့အား ရည်စူး၍ ဒေါ်ခင်အေးမူ(လက်ထောက်တိုင်းပညာရေးမှူး-ငြိမ်း)၊ ကျောက်တံတားမြို့နယ် ၃၆လမ်း အမှတ် (၂၂၃)နေ ဦးဘသန်း-ဒေါ်ရွှေနွယ်၊ ကမာရွတ်မြို့နယ် ဟံသာရိပ်မွန်နေ ဦးမျိုးအုံး-ဒေါ်ထွေးသိန်း၊ သား မောင်မြင့်မြတ်ကျော်၊ မောင်ရဲရင့်ကျော်၊ ဒလမြို့ ဈေးလမ်းနေ ဦးစိုးတင့်-ဒေါ်သီသီ၊ သားမောင်အောင်ကိုကိုခန့်၊ သမီးမအင်ကြင်းခန့်၊ ဒလမြို့ ဈေးလမ်းနေ ဦးနိုင်မင်း-ဒေါ်မြသွေး၊ သမီး မဝင့်ရွှေရည်ဖူး၊ မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်ကြီးအောင်ကျော်ဦး-ဒေါ်သီတာ၊ သမီးမငွေကြယ်လေး၊ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ဦးအောင်သူရ-ဒေါ်တိုးတိုး၊ သမီးမခြူးရွှေစင်၊ သား မောင်ဝေယံဖြိုးအောင်၊ အင်းစိန်မြို့ ဗိုလ်ကုန်းရပ် မဂ္ဂင်လမ်း အမှတ်(၂၆၄)နေ ဦးမောင်မောင်ခင် (ဂျီတီအိုင်)အားရည်စူး၍ ဒေါ်ကြည်ဝင်းနှင့် သားသမီး၊မြေးများ၊ မင်္ဂလာတောင်ညွန့်မြို့နယ် မန္တလေးလမ်း တိုက် ၃၊ ဗိုလ်နေ မိဘနှစ်ပါးအမှူးထား၍ ဒေါ်နွဲ့နွဲ့ရီ၊သမီး မနန္ဒာအောင်၊ လသာမြို့နယ်၂၄ လမ်း အမှတ် (၁၂၃)နေ ဒေါ်သန်းမြင့်၊ သား ဒေါက်တာကြည်သန့်၊ ကိုအောင်ဖြိုးဝေ-မနန်းနွန်းခမ်း မိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းခဲ့ကြသည်။ **(က-ပ)**

မြဝတီမြို့တွင် ကြက်မွေးမြူရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

မြဝတီ မေ ၂၀

ကရင်ပြည်နယ် မြဝတီခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ် ဆောင်ရွက်မှုဖြင့် ကြက်မွေးမြူရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီက မြဝတီမြို့ သောင်ရင်းခန်းမတွင် ကျင်းပရာ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်ကတက်ရောက်၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်ကကြက်ငှက်တုပ်ကွေးရောဂါနှင့် ကာကွယ်တားဆီးမှုများရှင်းလင်းပြောကြားသည်။ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းမြင့်က သင်တန်း ဖွင့်လှစ်ရသည့်အကြောင်းကို ရှင်းလင်းတင်ပြသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ကြက်၊ဘဲမွေးမြူရေးသမားများ၊ ကြက်၊ ဘဲဝယ်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၅၀တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သက်ကြီးပူဇော်ပွဲ တပ်ကုန်းမြို့၌ ကျင်းပ

တပ်ကုန်း မေ ၂၂

တပ်ကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသော သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၁၈ရက် ညနေ၄နာရီက တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင်ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးကျော်သိန်း၊ မြို့မ(၅)ရပ်ကွက် ဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဦးအောင်ငွေဖုံ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မျိုးမျိုးကျော်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်နှင့် မြို့မ (၅)ရပ်ကွက်မှ အသင်းခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့မ(၅)ရပ်ကွက်မှ အသက် (၇၀)အထက် အဘိုးငါးဦး၊အဘွားငါးဦးတို့အား ကန်တော့ကြပြီး တစ်ဦးလျှင် ငွေကျပ်၄၅၀၀ တန်ဖိုးရှိ ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

(၂၆၆)



သီပေါမြို့နယ် ပညာရေးဌာနကြီးမှူး နွေရာသီ အားကစားသင်တန်းများဖွင့်

သီပေါ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပညာရေးဌာနကကြီးမှူး ဖွင့်လှစ်သော ၂၀၀၇ ခုနှစ် နွေရာသီ အားကစားသင်တန်းများဖွင့်ပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၁၀နာရီက အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ပညာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်ကအမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သောင်းသောင်းက နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ရခြင်း အကြောင်းနှင့် စီမံချက်ကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

အားကစားသင်တန်းတွင် ဘောလုံး၊ပြေးခုန်ပစ်၊စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် ကြက်တောင်ရိုက်ကစားနည်းများပါဝင်ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။(မြို့နယ် ပြန်/ဆက်)

ညောင်ရွှေမြို့ မင်္ဂလာဈေးဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

ညောင်ရွှေ မေ ၁၂

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ မင်္ဂလာဈေးပတ်ဝန်းကျင်နှင့် ဈေးအတွင်းအပြင် ရေစီးရေလာ ကောင်းမွန်စေရန် ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းနှင့် ဈေးသန့်ရှင်းရေး ဆောင်ရွက်ခြင်းများကို ဈေးပိတ်ရက် ဖြစ်သည့် မတ်၁၇ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ဟသ္သာတမြို့နယ် ပညာအလင်းရောင် စာကြည့်တိုက်ဖွင့် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသ

ဟသ္သာတ မေ ၁၀

ဟသ္သာတမြို့နယ် ကနောင်စုရပ်ကွက်ရှိ ပညာအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ်၂၁ရက် နံနက် ၇နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

ရေးဦးစွာ ပညာအလင်းရောင် စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးညွန့်ဦး၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ခင်းကျင်းပြသ

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ် ၁၀၀နှင့်အလှူရှင်ငါးဦးက စာအုပ် ၃၅၀ ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ဥက္ကဋ္ဌက လက်ခံရယူသည်။ အဆိုပါ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသသည်။ **(ခရိုင် ပြန်/ဆက်)**

2-5 (17) 1 5/1/07, 2:18 PM

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက် (၂/၂၀၀၇)

ရန်ကုန်မြို့၊ ၁၃၆၉ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက် (၂၀၀၇ခုနှစ် ဧပြီလ ၂၅ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၇ခုနှစ်(ဇွန်၊ ဇူလိုင်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် **မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ဌာနအနေဖြင့် အကွက်ရိုက်သတ်မှတ်ထားသော ခန္တီးဒေသသတ်မှတ်လုပ်ကွက်(အသစ်)များ၊ မိုးညှင်းဒေသ သတ်မှတ်လုပ်ကွက်(အသစ်) များကို** မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ် တစ်သိန်းပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများကို ခွင့်ပြုမိန့်ထုတ်ပေးမည့်လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်း စသည်တို့ကို ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင် လွှဲပြောင်းခြင်းမပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ခွင့်ပြုမိန့်ရရှိသူများလိုက်နာရန် သတ္တုတွင်းဝန်ကြီးဌာနက ၂၀၀၄ခုနှစ် မေလ ၁၂ ရက်တွင် ထုတ်ပြန်ကြေညာသည့် အမိန့်ကြော်ငြာစာအမှတ်(၈၅/၂၀၀၄)အတိုင်း လိုက်နာဆောင် ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေ အကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့်ဖော်ထုတ်လုပ်ကွက်၊ သတ်မှတ်လုပ်ကွက်(အသစ်)များအတွက် ခွင့်ပြုသက်တမ်း ကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ်(၁၀)သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့် ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံ ဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အဆိုပြုလွှာများတင်သွင်းရာတွင် လုပ်ကွက်အတွက် အဆိုပြုငွေများပြားစွာပေးသွင်းရန် တင်ပြပြီး ၎င်းလုပ်ကွက်ကို လုပ်ကိုင်ခွင့်ချထားပေးပြီးနောက် အကြောင်းအမျိုးမျိုးဖော်ပြ၍ လုပ်ကိုင်ခွင့်ချထားပေးသည့် စာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် တင်ပြခြင်းနှင့် **သတ်မှတ်ကာလအတွင်း အဆိုပြုငွေပေးသွင်းရန် ပျက်ကွက်သဖြင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက လုပ်ကိုင်ခွင့်ပယ်ဖျက်ခြင်းခံရပါက အဆိုပြုတင်ပြသည့် လုပ်ကွက်အတွက် ပေးသွင်းထားသည့် အာမခံစပေါ်ငွေကျပ် တစ်သိန်းကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူခြင်းခံရမည့်အပြင် ပယ်ဖျက်သည့်လုပ်ကွက်အတွက်** အောက်ဖော်ပြပါအတိုင်း သတ်မှတ်သည့် ဒဏ်ကြေးငွေများကို နိုင်ငံတော်သို့ပေးဆောင်ရပါမည်–

(က) အဆိုပြုငွေကျပ်(၅၁)သိန်းမှ ကျပ်သိန်း(၇၀)အထိ ပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ်သုံးသိန်း။

(ခ) အဆိုပြုငွေကျပ်(၇၁)သိန်းမှ ကျပ်သိန်း(၂၀၀)အထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် ငါးသိန်း။

(ဂ) အဆိုပြုငွေကျပ်(၂၀၁)သိန်းမှ ကျပ်သိန်း(၅၀၀)အထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် (၁၀)သိန်း။

(ဃ) အဆိုပြုငွေကျပ်(၅၀၁)သိန်းမှ ကျပ်သိန်း(၁၀၀၀)အထိပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် (၁၅)သိန်း။

(င) အဆိုပြုငွေကျပ်(၁၀၀၁)သိန်းနှင့်အထက် ပေးသွင်းရန် အဆိုပြုလွှာတင်သွင်းထားသည့် လုပ်ကွက်တစ်ကွက်အတွက် ဒဏ်ကြေးငွေကျပ် သိန်း(၂၀)။

၇။ လုပ်ကိုင်ခွင့်ရရှိပြီးနောက် ပယ်ဖျက်ခွင့်တင်ပြသောလုပ်ကွက်များ၊ ကြီးကြပ်ရေးလုပ်ငန်း ကော်မတီက ပယ်ဖျက်ခဲ့သောလုပ်ကွက်များအတွက် လုပ်ကွက်များကို လုပ်ကိုင်ခွင့်ရရှိခဲ့သော ကုမ္ပဏီအား လုပ်ကွက်များ အဆိုပြုလျှောက်ထားခွင့်မပြုရေး အောက်ပါအတိုင်း ကာလသတ်မှတ်၍ တားမြစ်ပိတ်ပင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(၁) အဆိုပြုငွေကျပ် (၁၀)သိန်းမှ သိန်း(၁၀၀)အထိ တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက် (၁)နှစ် ပိတ်ပင်တားမြစ်ရန်။

(၂) အဆိုပြု ငွေကျပ်(၁၀၁)သိန်းအထက်မှ ကျပ်သိန်း(၅၀၀)အထိ တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက် (၂)နှစ်ပိတ်ပင်တားမြစ်ရန်။

(၃) အဆိုပြုငွေကျပ် (၅၀၁) သိန်းအထက် တင်ပြလျှောက်ထားသည့် လုပ်ကွက်များအတွက်(၃)နှစ်ပိတ်ပင်တားမြစ်ရန်။

၈။ **လုပ်ကွက်များအဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးအထောက်အထားများ ခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြ လျှောက်ထားရမည် ဖြစ်ပါသည်။**

၉။ တင်ပြလျှောက်ထားသည့် လုပ်ကွက်ကို လုပ်ကိုင်ခွင့်ရရှိသည့် ကုမ္ပဏီ/အသင်းသည် လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ကွက်အတွက် ပေးသွင်းရမည့် အဆိုပြုငွေကို သတ်မှတ်ထားသည့် ကာလအတွင်း အကျေပေးသွင်းရပါမည်။ သတ်မှတ်ကာလအတွင်း လုပ်ကိုင်ခွင့်ရလုပ်ကွက်အတွက် အဆိုပြုငွေအကျေပေးသွင်းခြင်းမရှိပါက လုပ်ကိုင်ခွင့်ချထားသည့် စာရင်းမှ ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်–

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း**–အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက်မှစ၍ အမှတ်(၆၆)ကမ္ဘာအေးစေတီလမ်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း**– အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ–၂)နှင့် ပုံစံ(သမ–၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ–၅)နှင့်ပူးတွဲပုံစံ(ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ ရက်မှ ၂၀၀၇ ခုနှစ် မေလ ၂၅ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) အမှတ် ၆၆ ကမ္ဘာအေးစေတီလမ်း ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၁၁။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

အိမ်/မြေရောင်းမည်

မော်လမြိုင်မြို့ မြိုင်သာယာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမ ပေ ၆၀ X ပေ ၈၀ တစ်ထပ်၊ တက္ကသိုလ်အနီး။ **ဖုန်း–၀၁–၅၁၃၁၆၅။**

အမျိုးသမီး (သီးသန့်)
APEX ကိုယ်ကာယအလှသင်တန်း
Ladies Body Fitness
➲ အချိုးကျကျလှပဖွံ့ဖြိုးသောကိုယ်ကာယပိုင်ရှင်ဖြစ်လာစေရန်
➲ ဝသောသူများကိုယ်ရည်စစ်လာစေရန်၊ ပိန်သောသူများပြည့်ဖြိုးလာစေရန်
➲ အသက်၄၀ကျော်၅၀တို့ အစဉ်အမြဲနုပျိုဖျတ်လတ်နေစေရန်
တိုက်အမှတ်–၂၀၈၊ အခန်း–၅၊ မြေညီထပ်၊ ၁၂လုံးတန်းထိပ်၊ သစ်သီးတန်းမျက်နှာချင်းဆိုင်၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။ ဖုန်း–၅၄၅၀၈၆၊ ၇၂၂၅၂၃၊ ၀၉–၅၁၄၆၄၇၂

တံခါး(ရှယ်)
ပါကေး (ပေါင်းပြီး)
A-8
ရွှေယင်းမာလမ်း၊ ရွှေပိတောက်ရိပ်မွန်
ဖုန်း–၇၂၁၅၉၉၊
၅၃၉၆၈၈၊ Ex :318

လူကြီးမင်းတို့၏ နေအိမ်၊ ဆိုင်ခန်း၊ ရုံးခန်းတို့အား ပြုပြင်အလှဆင်ရန် ရည်ရွယ်ထားပါက HS သို့ ဆက်သွယ်လိုက်ပါ။
❖ ဈေးနှုန်း ☞ အသက်သာဆုံးနှုန်းထား
❖ လက်ရာ ☞ အကောင်းဆုံးအရည်အသွေး
❖ အချိန် ☞ သတ်မှတ်ရက်ချိန်းအတွင်းပြီးစီးမှု
တို့ဖြင့် အကောင်းဆုံးဆောင်ရွက်ပေးရန်–
Honesty Service
Interior Decoration & Furniture
အသင့်ရှိနေပါသည်။
Office : No.(137), Ground Floor, 46th Street(Upper) Botahtaung Townhsip, Yangon.
Ph : 09-5185873, 01-297419, 01-393162

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၆၆၂၃ မော်တော်ယာဉ် လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ (ပြည်နယ်ရုံး) ဘားအံမြို့။

ဒီဇယ်မာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း–၅၄၄၉၂၄
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ ရန်ကုန်

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။
van, saloon ကားများငှားရန်ရှိသည်။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်း လှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၀၂၆၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း–၀၆၇–၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေး အဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စက်ရေတွင်း

ချောက်မြို့နယ် ဆင်ကကျေးရွာအုပ်စု ဆင်ကကျေးရွာရှိ ခြောက်လက်မ အရွယ် အနက် ပေ ၈၃၀ရှိ စက်ရေတွင်းကို မတ် ၃၀ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသိန်းညွန့်ဟန် ကြီးကြပ်၍ တွင်းဆေးခြင်း၊ တွင်းပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ကင်မွန်းခြုံကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးသိန်းထွန်းဦးတို့ကြီးကြပ်၍ ဆောင်ရွက်ခဲ့ရာ မတ်၃၁ရက်က ကျေးရွာလူထု သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိမှုကိုတွေ့ရစဉ်။ (မြို့နယ်ပြန်/ဆက်)

ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဧပြီ ၁၆ ရက်က ဗိုလ်ချုပ်လမ်းဘေးဝဲယာ သာယာလှပရေးအတွက် ပန်းအလှပင်များ အောက်ခြေပေါင်းရှင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးရေးကြိုးစားဆောင်ရွက် သဘာဝဓာတ်ငွေ့နှင့် ရေနံမြေအသစ်များ ထပ်မံဖော်ထုတ် အလားအလာကောင်းများ သေချာစွာလေ့လာပြီး တူးဖော်စမ်းသပ်

ရန်ကုန် မေ ၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း မအူပင်ဒေသ၌ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက အသစ်ထပ်မံရှာဖွေတွေ့ရှိထားသည့် မအူပင်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ပြီး မအူပင်(တောင်)အစမ်းတွင်း အမှတ်(၁)က သဘာဝဓာတ်ငွေ့များ အောင်မြင်စွာစမ်းသပ်ထုတ်လုပ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား ရှင်းလင်းဆောင်၌ ရေနံမြေအထွေထွေမန်နေဂျာ ဦးမြင့်ကျော်က မအူပင်(တောင်) အစမ်းတွင်း အမှတ်(၁)ကို အောင်မြင်စွာ တူးဖော်စမ်းသပ်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူတို့က **စာမျက်နှာ ၆ ကော်လံ ၁** ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✱ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၏ မအူပင်(တောင်) အစမ်းတွင်း အမှတ်(၁)၌ သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း

"ဆည်ကြီးတည်ဆောက်လို့ လမ်းတွေ ကောင်းလာတဲ့အတွက် လမ်းမလျှောက်ရတော့ဘဲ ဘုတ်ဘုတ် (ထော်လာဂျီ)နဲ့ သက်သောင့်သက်သာ သွားရတာဖြစ်လို့ နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။"

မော်လမြိုင် နည်းပညာတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူ မခင်လင်းကြည်။

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

"တောင်ပေါ်ဒေသကို ရေမရမှာ မပူရဘဲ စိတ်ချလက်ချစိုက်ပျိုးနိုင်တော့မှာဖြစ်ပါတယ်။"

အသက် ၇၂နှစ်ရှိပြီဖြစ်သော ကတိုက်ကျေးရွာ ခြံဥယျာဉ်လုပ်သား ဦးပုလု။

ဓာတ်ပုံ-အောင်သန်း (မင်္ဂလာတောင်ညွန့်)

ကျော်စိန်၏ ကတိုက်ရေလှောင်တမံ သတင်းဆောင်းပါး

(စာမျက်နှာ-၉)

NLD ပါတီသည် သံရုံးများမှတစ်ဆင့် ညွှန်ကြားချက်များရယူပြီး နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်းနာခံလိုက်နာလုပ်ဆောင်နေ

NLD ဗဟိုဌာနချုပ်သို့ အမေရိကန်သံရုံးက ဧပြီလအတွင်း(၁၁)ကြိမ်ဝင်/ထွက်မှုရှိခဲ့

ရန်ကုန် မေ ၁

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဗဟိုသည် တစ်မျိုးသားလုံး နယ်ချဲ့ကျွန်ဘဝ၊ ကိုလိုနီနောက်မြီးဆွဲဘဝသို့ရောက်အောင် ရှေးရှုဆောင်ရွက်လျက်ရှိပြီး အနောက်တိုင်းနိုင်ငံကြီးများကို အားထားမှီခိုလွန်းလျက်ရှိကြောင်း ယင်းပါတီ၏ လုပ်ရပ်များက သက်သေပြလျက်ရှိသည်။

NLD ဗဟိုအနေဖြင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးနှင့် အမြဲမပြတ်ဆက်သွယ်၍ ယင်းသံရုံးမှတစ်ဆင့် ညွှန်ကြားချက်များရယူကာ နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာပျက်စီးကြောင်းနာခံလိုက်နာလုပ်ဆောင်လျက်ရှိသည်ဟု ပြည်သူလူထုက ဝေဖန်ရှုတ်ချပြစ်တင်လျက်ရှိပြီး ၎င်းတို့၏ ဆက်သွယ်ဆောင်ရွက်မှုများကိုမပြတ် စောင့်ကြည့်အကဲခတ် သုံးသပ်လျက်ရှိသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ NLD ဌာနချုပ်သို့ ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးက ဧပြီလအတွင်း (၁၁)ကြိမ်လာရောက်၍ NLD, CEC အဖွဲ့ဝင်များနှင့်တွေ့ဆုံခြင်း၊ စာအိတ်ကြီး၊ စာအိတ်ငယ်ပေးပို့ခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသော အပူချိန်

၁-၅-၂၀၀၇	
နေပြည်တော်	၁၀၈ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၀ ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၈ ဒီဂရီဖာရင်ဟိုက်
မုံရွာ	၁၀၈ ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၈ ဒီဂရီဖာရင်ဟိုက်
ချောက်	၁၀၉ ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၉ ဒီဂရီဖာရင်ဟိုက်

မိုးလေဝသအခြေအနေ (၂-၅-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းမိုးရွာနိုင်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

2-5 (20) 1 5/1/07, 2:18 PM